# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 December 2023 ၁၁၃၁၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန်၌ (၃၅)ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ (၃၅)ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အသည်းအစားထိုး ခွဲစိတ်ကုသသည့် လူနာမှာ အသက် ၂၉ နှစ်အရွယ် အမျိုးသားဖြစ်ပြီး အသည်းအလှူရှင်မှာ ၎င်း၏ ညီမဝမ်းကွဲတော်စပ်သူ အသက် ၂၂ နှစ်အရွယ် အမျိုးသမီးဖြစ်ကြောင်း၊ အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ယမန်နေ့ နံနက် ၇ နာရီမှ ညနေ ၃ နာရီခွဲအထိ အောင်မြင်စွာဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသပြီး လူနာနှစ်ဦးကို အထူးကြပ်မတ်ကုသဌာန၌ ထားရှိ၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆက်လက်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ (၃၅)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်စဉ်။

## ယနေ့ ဖတ်စရာ

**စက်သုံးဆီဆိုင်တွေမှာ အကြိမ်ကြိမ် တန်းစီဝယ်ယူပြီး အချို့ရပ်ကွက်တွေမှာ ဓာတ်ဆီ တစ်လီတာကို နေရာဒေသအလိုက် ငွေကျပ် ၄၀၀၀ ကျော်ကနေ ငွေကျပ် ၇၀၀၀ ဝန်းကျင်နဲ့ လိုင်စင်မဲ့ တစ်ဆင့်ပြန်လည်ရောင်းချမှုတွေ၊ တရားမဝင် သိုလှောင်ရောင်းချမှုတွေကိုလည်း စစ်ဆေးဖော်ထုတ်ဖမ်းဆီးကာ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့ပါတယ်။**

ဆောင်းပါး စာမျက်နှာ » ၇

**မြန်မာနိုင်ငံကို နိုင်ငံခြားခရီးသွားစိတ်ဝင်စားမှု မြင့်တက်လာစေရေးအတွက် ဖြေလျှော့ပေးမှုများ ဆောင်ရွက်နေ**

စာမျက်နှာ » ၅

## မြန်မာ့နှမ်းကို တရုတ်၊ ထိုင်း၊ ဂျပန်၊ စင်ကာပူနှင့် ကိုရီးယားနိုင်ငံများသို့ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တန်ချိန် တစ်သိန်းခန့် တင်ပို့နိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာ့နှမ်းကို တရုတ်အပါအဝင် ထိုင်း၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယားနိုင်ငံများသို့ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တန်ချိန် တစ်သိန်းခန့် တင်ပို့နိုင်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံက ဝယ်လိုအားအများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

"ဝယ်လိုအားအနေနဲ့ တရုတ်နိုင်ငံကို အများဆုံး တင်ပို့နေရပြီး မနှစ်က တစ်သိန်းလောက် တင်ပို့ခဲ့ရတယ်"ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနောက်ပိုင်း ဈေးကွက်အခြေအနေအရ ပြည်တွင်းမှထွက်ရှိသည့် ဆီထွက်သီးနှံများကို သုံးစွဲမှုများရှိလာ၍ ပြည်တွင်းအရောင်းအဝယ်လုပ်ငန်းတွင် ပိုပြီးတွင်ကျယ်လာသည့် သဘောမျိုးရှိကာ လက်ရှိဈေးကွက်တွင် နှမ်းဖြူသည် နှမ်းနက်ထက်ဈေးကောင်း ပိုမိုရရှိနေသည့်အခြေအနေတွင်ရှိကြောင်းလည်း ၎င်းက ပြောကြားသည်။ **စာမျက်နှာ ၅ ကော်လံ ၅ သို့ ❍**

ကြေးမုံ

# ပညာပြည့်ဝနှလုံးလှသည့် အောင်စစ်သည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် လူမှုရေးဦးတည်ချက် ဒုတိယအချက်တွင် “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး”ကို ချမှတ်ထားသည်။ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် တိုင်းရင်းသားပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာမျှဝေပေးမှု၊ ဆေးကုသမှုလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိရာ နယ်လှည့်အထူးကုဆေးအဖွဲ့များဖြင့် နိုင်ငံတစ်ဝန်းတွင် တိုင်းရင်းသားပြည်သူများအား လိုက်လံဆေးကုသပေးလျက်ရှိသည်။ ၂၀၂၃ ခုနှစ်အတွင်း နယ်လှည့်ဆေးကုသရေးယာဉ်များနှင့် ကျေးလက်နေပြည်သူများကို အခမဲ့ဆေးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပင်လယ်သွားဆေးရုံရေယာဉ်၊ မြစ်တွင်းသွားဆေးရုံရေယာဉ်တို့ဖြင့် ဒေသခံပြည်သူလူထု စုစုပေါင်း ကိုးသိန်းကျော်ကို ရောဂါအမျိုးမျိုး ကုသပေးနိုင်ခဲ့သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရန်အတွက် ပြည်ပနိုင်ငံအချို့၏ ထောက်ပံ့မှုများနှင့် အစွန်းရောက်ပြည်ပြေးနိုင်ငံရေးသမားများက ငြိမ်းချမ်းရေးကို မလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့်ပူးပေါင်းပြီး အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်နေရာတွင် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စစ်ဘက်နှင့်မသက်ဆိုင်သော ကျန်းမာရေးကဏ္ဍကိုလည်း ရည်ရွယ်ချက်ရှိရှိ ဦးတည်တိုက်ခိုက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော်၏ ကျန်းမာရေးယန္တရား လည်ပတ်မှုရပ်တန့်သွားစေရန် ပြုလုပ်လျက်ရှိသည်။

၎င်းတို့သည် ဆရာဝန်၊ သူနာပြုများအပါအဝင် ကျန်းမာရေးဝန်ထမ်းများကို CDM ပြုလုပ်လာအောင် သွေးဆောင်ဖြားယောင်းခြင်း၊ ဖိအားပေးအကျပ်ကိုင်ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ အချို့သော ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုက်နာကျင့်ကြံရမည့် ဆေးဝန်ထမ်းကတိသစ္စာကို ဖောက်ဖျက်ခဲ့ကြသဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟာမှုများဖြစ်ပေါ်ခဲ့ရာ တပ်မတော်သားပါရဂူ၊ ဆရာဝန်နှင့် သူနာပြုများက ဝင်ရောက်တာဝန်ထမ်းဆောင်ပေးခဲ့ရသည်။ အကြမ်းဖက်သမားများသည် မိဘပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးနှင့် မိသားစုဘဝလုံခြုံရေးအတွက် တည်ဆောက်ပေးထားသည့် ဆေးရုံ၊ ဆေးပေးခန်းများကို မီးရှို့ဖျက်ဆီး၊ ဗုံးခွဲတိုက်ခိုက်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။

မိဘပြည်သူများ၏ ကျန်းမာရေးကဏ္ဍအပေါ် ဦးတည်တိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ လူသားအရင်းအမြစ်စွမ်းအား ပြိုလဲအောင် တိုက်ခိုက်ခြင်းဖြစ်သကဲ့သို့ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ ရက်စက်စွာဖျက်ဆီးခြင်းလည်းဖြစ်သည်။ “အကြမ်းဖက်အဖွဲ့အစည်းများ၏ ကျန်းမာရေးဝန်ထမ်းများအပေါ် ပြုလုပ်ခဲ့သည့် ဆိုးရွားသည့်ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူသိရှိနားလည်ပြီး လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်သည့်အခါ တပ်မတော်သား ဆရာဝန်စစ်သည်တော်ကောင်းများပီပီ မိမိတတ်ကျွမ်းသည့် ဆေးပညာဖြင့်သာမက လုံခြုံရေးသတိ၊ နိုင်ငံရေးအသိမှန်များဖြင့် မိဘပြည်သူများကို ကာကွယ်စောင့်ရှောက်သွားကြရန်” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည်။

သမားဇာနည်များသည် တပ်မတော်သားခေါင်းဆောင်ငယ် ဆရာဝန်ဆေးမှူးများဖြစ်ကြသဖြင့် မြင့်မြတ်သည့်စိတ်ထား၊ ကူညီရိုင်းပင်းသည့်နှလုံးရည်၊ ကြံ့ခိုင်သည့် ရဲစွမ်းသတ္တိများနှင့်ပြည့်စုံပြီး နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားထားရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးပညာရှင်များအဖြစ် တာဝန်ထမ်းဆောင်ရင်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။

တပ်မတော်သားဆရာဝန်များသည် စစ်ဘက်ခေါင်းဆောင်ငယ်များဖြစ်သည့်အတွက် ခေါင်းဆောင်မှုအရည်အချင်းများ ပြည့်စုံအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ မှန်ကန်သည့် ခေါင်းဆောင်မှုပေးပြီး တပ်ဖွဲ့ဝင်များနှင့်အတူ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကာ ရဲစွမ်းသတ္တိပြည့်ဝသည့် တပ်မတော်သားခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းထမ်းဆောင်ကြရမည်ဖြစ်သည်။ တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကျေးဇူးကို စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦးပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကို တန်ဖိုးထား၍ ဆက်လက်တိုးတက်အောင် လုပ်ကိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းတို့ဖြင့် ပေးဆပ်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သားဆေးဝန်ထမ်း ဆရာဝန်များအနေဖြင့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရန် “ပညာပြည့်ဝနှလုံးလှ” အောင် လေ့ကျင့်ပျိုးထောင် တည်ဆောက်ပေးထားသည်နှင့်အညီ ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းများကို “သမားဇာနည်အောင်စစ်သည်” ဆိုသည့် အစဉ်အလာအတိုင်း ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။


(၂၂)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်


## ဟသ်ာတမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တစ်လုံးထိုးဒီဇယ်အင်ဂျင်စက်ပြင်သင်တန်း ဖွင့်ပွဲကျင်းပ

ဟင်္သာတ ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တစ်လုံးထိုးဒီဇယ်အင်ဂျင် စက်ပြင်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် ဟင်္သာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး အစိုးရနည်းပညာအထက်တန်းကျောင်း (ဟင်္သာတ) မှကျောင်းအုပ်ကြီး ဦးမင်းမင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်ကြားပို့ချပေးမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (ဟင်္သာတ) မှ ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြများ၊ ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသားများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၁၉ ရက်မှ ဇန်နဝါရီ ၁၇ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး မြို့နယ်အတွင်းမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**


### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၉ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၈၀၀ | ၁၃၀ | ၁,၁၂၄,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၂,၂၇၁ | ၆,၅၃၃,၃၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၇ | ၅၃,၉၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၁,၁၁၉ | ၁,၈၄၆,၃၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၁ | ၂,၄၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၁၈၀ | ၃၅၂,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၄၃၀ | ၂,၀၂၁,၀၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၂,၁၃၉ | ၃,၅၆၁,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၂/၂၀၂၃) ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

အရွယ် မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၂/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ဆွေးနွေး

အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ကော်မတီအစည်းအဝေးကို ခြောက်လ တစ်ကြိမ် ပုံမှန်ပြုလုပ်လျက်ရှိပြီး ကော်မတီ၏ အဓိကတာဝန်ဖြစ်သည့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှုမရှိစေရေးနှင့် တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ် လူငယ်များကို လက်ခံမှုမရှိစေရေး အပြင် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘ အုပ်ထိန်းသူများထံသို့ ပြန်လည် လွှဲပြောင်းပေးရေးများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် တပ်မတော် (ကြည်း)အား ပထမဦးစားပေး စာရင်းတွင် ပါဝင်လာခဲ့သဖြင့် အဆိုပါစာရင်းမှပယ်ဖျက်နိုင်ရန် အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR)တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆိုင်ရာ လုပ်ငန်းစီမံချက်(Plan of Action)ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါစီမံချက်အရ CTFMR နှင့် ပူးပေါင်းပြီး ယခုအချိန်အထိ အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော လူငယ်များအား အရိုးဓာတ်မှန်ရိုက်၍ စိစစ်ခဲ့ရာ အသက်မပြည့်ကြောင်း သံသယရှိသူ လူငယ်များအား လက်ခံခြင်းမပြုဘဲ သက်ဆိုင်ရာ နေရပ်လိပ်စာအသီးသီးသို့ပြန်လည်စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း၊ CTFMR မှ ပေးပို့လာသည့် သံသယဖြစ်ဖွယ် စစ်သည်များကိုလည်း ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပြီး မှန်ကန်ပါက နုတ်ထွက်ခွင့်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူ သတ်မှတ် ပြဋ္ဌာန်းချက်များနှင့် အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း စုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအနေဖြင့် အစည်းအဝေးများကို ပုံမှန် ကျင်းပလျက်ရှိပြီး တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှု မရှိစေရေး ကော်မတီ၏ရည်မှန်းချက်အတိုင်း ဆောင်ရွက်လျက် ရှိသကဲ့သို့ ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်းနှင့် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်း CTFMR သို့ အသိပေး အကြောင်းကြားလျက်ရှိပါကြောင်း ဆွေးနွေးသည်။

### တက်ရောက်

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများအား အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များနှင့် သက်ဆိုင်ရာ ရုံး/ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ အထူးကုဆေးရုံကြီးမှ**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့် အသည်းအလှူရှင်တို့ကို ကြည့်ရှုအားပေးသည်။



ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် အသည်းအလှူရှင်တို့ကို ကြည့်ရှုအားပေးစဉ်။

အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုကို ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုနှင့် ကုသရေးဦးစီးဌာန၏ အနီးကပ်ပံ့ပိုးမှုတို့ဖြင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဇော်သန်းထွန်း ဦးဆောင်သော ပြည်သူ့ဆေးရုံကြီးများတွင် အသည်းအစားထိုး ခွဲစိတ်မှု အောင်မြင်စွာ ပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ဌာနမှူး(အသည်းနှင့် သည်းခြေလမ်းကြောင်းခွဲစိတ်) ပါမောက္ခဒေါက်တာ စိုင်းအောင်ညွှန့်ဦး ခေါင်းဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ဌာနမှူး (အသည်းဆေးကု) ပါမောက္ခဒေါက်တာဝင်းဝင်းဆွေ ခေါင်းဆောင်သော အသည်းဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ဌာနမှူး (မေ့ဆေး) ပါမောက္ခ ဒေါက်တာမူမူနိုင် ခေါင်းဆောင်သော မေ့ဆေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး (နှလုံးနှင့် သွေးကြောခွဲစိတ်) ပါမောက္ခဒေါက်တာဝင်းဝင်းကျော် ခေါင်းဆောင်သော နှလုံးနှင့် သွေးကြောခွဲစိတ်မှု ဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ဒေါက်တာဆွေဆက် ခေါင်းဆောင်သော ရောဂါရှာဖွေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး(ဓာတ်မှန်) ပါမောက္ခဒေါက်တာအောင်ချိုထွန်း ခေါင်းဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အမျိုးသားသွေးဌာန) ဒေါက်တာသီတာအောင်ခေါင်းဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့တို့နှင့်အတူ ပါမောက္ခ/ဌာနမှူး (အသည်းခွဲစိတ်) (ငြိမ်း) ဒေါက်တာတင်တင်မာ၊ ပါမောက္ခ/ဌာနမှူး(မေ့ဆေး)(ငြိမ်း) ဒေါက်တာ ကြည်ကြည်စန်း၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်မှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေး၊ တွဲဖက်ပါမောက္ခ(မေ့ဆေး) ဒေါက်တာမောင်မောင်ဆွေ၊ အထူးကုဆရာဝန်ကြီး(ဓာတ်ခွဲ) ဒေါက်တာယဉ်မူယာ၊ အထူးကုဆရာဝန်ကြီး(ဓာတ်မှန်) ဒေါက်တာသဇင်သန်းနှင့် ဆရာဝန်များ၊ သူနာပြုအုပ်များဖြစ်သော ဒေါ်စန်းစန်းရင်နှင့် ဒေါ်ပိုပိုအောင်၊ ကျွမ်းကျင်သူနာပြု ဆရာမကြီးများဖြစ်သော ဒေါ်ကေသီနွယ်နှင့် ဒေါ်ယုယုလင်း ဦးဆောင်သော သူနာပြုများအဖွဲ့၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ၊ အထောက်အကူပြုဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဆောင်ရွက်ခဲ့ကြသော ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်သော Seoul National University Hospital မှ Professor Kwang Woong Lee နှင့် Dr. Jaeyoon Kim တို့အား တွေ့ဆုံ၍ ကျေးဇူးတင်စကားပြောကြားကာ အသည်းအစားထိုး ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

### ကုန်ကျစရိတ်များသက်သာ

အသည်းအစားထိုးခွဲစိတ်ကုသမှုများကို ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ၂၀၀၄ ခုနှစ်တွင် တစ်တွဲ၊ ၂၀၀၉ ခုနှစ်တွင် တစ်တွဲဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)-ရန်ကုန် ဖွင့်လှစ်ပြီးနောက် ၂၀၁၅ ခုနှစ်တွင် တစ်တွဲ၊ ၂၀၁၆ ခုနှစ်တွင် လေးတွဲ၊ ၂၀၁၇ ခုနှစ်တွင် ခြောက်တွဲ၊ ၂၀၁၈ ခုနှစ်တွင် ၁၁ တွဲ၊ ၂၀၁၉ ခုနှစ်တွင် ၁၀ တွဲ စုစုပေါင်း ၃၄ တွဲကို လည်းကောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီး၌ ၂၀၁၇ ခုနှစ်တွင် သုံးတွဲ၊ ၂၀၁၈ ခုနှစ်တွင် ခုနစ်တွဲ၊ ၂၀၁၉ ခုနှစ်တွင် လေးတွဲ၊ စုစုပေါင်း ၁၄တွဲကိုလည်းကောင်း၊ ကလေးဆေးရုံကြီး-ရန်ကုန်၌ ၂၀၁၉ ခုနှစ်တွင် သုံးတွဲကို လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ကာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေအရ ရပ်နားခဲ့ရရာမှ ယခုပြန်လည်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြည်တွင်း၌ အသည်းအစားထိုးခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူများအတွက် လိုအပ်သောကုသမှုကို လက်လှမ်းမီရရှိစေကာ ပြည်ပသို့ သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေနိုင်မည်ဖြစ်ကြောင်းနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုများ ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်နှင့် စာပေအနုပညာပွဲတော် အရောက်လာဖို့ တို့ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

“ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့”ဆိုသည့် ဆောင်ပုဒ်နှင့်အညီ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဒီဇင်ဘာ ၂၀ ရက် မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။




အဆိုပါပွဲတော်ကြီး၌ မြန်မာနိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည့် လူငယ်များနှင့် ကလေးများ လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများကို သိမြင်နိုင်စေရန်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်နှင့် စာပေနှင့်အနုပညာရပ်များ၏ အကျိုးကျေးဇူးသိရှိစေပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လာစေရန်အတွက် ဝန်ကြီးဌာန ၁၅ ခုမှ သက်ဆိုင်ရာကဏ္ဍအလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများ၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် ပြင်ပစာအုပ်အရောင်းဆိုင်များ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲမှ တန်ခိုးကြီးဘုရားစေတီများ၊ သဘာဝအလှရှုခင်းများ၊ ရိုးရာဓလေ့ပွဲတော်များနှင့် အထင်ကရနေရာများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဆုရဓာတ်ပုံများ၊ ၂၀ ရာစု မြန်မာစာရေးဆရာ ဆရာမကြီးတို့၏ ဓာတ်ပုံများကို ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အရေးကြီးဆုံးသမိုင်းဝင်မှတ်တမ်း**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြခန်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဒေါက်တာခင်စောအေးက “မြန်မာ့လွတ်လပ်ရေးသမိုင်းဝင်ပြခန်းမှာ လွတ်လပ်ရေးရပြီးတဲ့အချိန်က စတင်ဖွဲ့စည်းတဲ့ မြန်မာနိုင်ငံ ယာယီအစိုးရအဖွဲ့ဝင် သမ္မတ၊ ဝန်ကြီးတွေနဲ့ ဝန်ကြီးချုပ်တွေကို ခန့်အပ်တဲ့အထောက်အထားတွေကို ပြသထားပါတယ်။ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကိုလည်း ပြသထားပါတယ်။ သမ္မတကြီး စဝ်ရွှေသိုက်ရဲ့ လွတ်လပ်ရေးနေ့ သဝဏ်လွှာအပြင် လွတ်လပ်ရေးအသိအမှတ်ပြုစာတမ်းအတွက် မြန်မာကိုယ်စားလှယ်နဲ့ ဗြိတိသျှကိုယ်စားလှယ်တို့ လက်မှတ်ရေးထိုးထားတဲ့ လွတ်လပ်ရေးအသိအမှတ်ပြုစာတမ်း၊ မြန်မာနိုင်ငံအတွက် အရေးကြီးဆုံးသမိုင်းဝင်မှတ်တမ်းဖြစ်တဲ့ လွတ်လပ်ရေးကြေညာစာတမ်းနဲ့ သမိုင်းဝင်စာချုပ်စာတမ်းမှာဆိုရင် ဂျပန်ခေတ် မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းကို ပြသထားပါတယ်။ သံတမန်ဆက်သွယ်တဲ့ နိုင်ငံတွေဖြစ်တဲ့ မဟာမိတ်စာချုပ်တွေကိုလည်း ထည့်သွင်းပြသထားပါတယ်။ ဂျပန်-မြန်မာ စစ်ပြေငြိမ်းစာချုပ်နဲ့ စီးပွားရေးပူးပေါင်းမှု စာချုပ်တွေကို သမိုင်းဝင်စာချုပ်စာတမ်းများအဖြစ် ပြသထားပါတယ်။ ကျွန်မတို့ ပြခန်းတွေမှာဆိုရင် ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းကိုသိရှိပြီး လွတ်လပ်ရေးအချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ အတွက်ဖြစ်ပါတယ်။ အဓိကဖြစ်တဲ့ မျိုးဆက်သစ်လူငယ်တွေကို ကိုယ့်နိုင်ငံမှာချုပ်ဆိုခဲ့တဲ့ သမိုင်းစာချုပ်စာတမ်းတွေအကြောင်းကို သိရှိစေဖို့ လာရောက်လေ့လာကြပါလို့ ဖိတ်ခေါ်ပါတယ် ” ဟု ပြောသည်။

ထို့ပြင် ပွဲတော်သို့ လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာကစားနိုင်ရန် ဝန်ကြီးဌာနများမှ စိတ်ဝင်စားဖွယ်ကစားနည်းများ၊ စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ အိမ်ဆောက်ကစားနည်းများနှင့် ဉာဏ်စမ်းပဟေဠိကစားနည်းများကို အသိပညာပေးနည်းလမ်းများနှင့် တွဲဖက်၍ ကစားစေမည့်အစီအစဉ်များ ထည့်သွင်းကျင်းပသွားမည့်အပြင် ပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ကျောင်းသားလူငယ်များနှင့် မိဘပြည်သူများ အဆင်ပြေစွာ အလွယ်တကူစားသုံးနိုင်ရန် တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ငံသားစိစစ်ရေးကတ်ယူခဲ့ဖို့ အကြံပြုလို**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြခန်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက “ကျွန်တော်တို့ ပြခန်းမှာ နိုင်ငံအတွင်းနေထိုင်သူ အသက် ၁၀ နှစ်အထက်ရှိ နိုင်ငံသားတွေကို ကိုယ်ရေးအချက်အလက်တွေ ကောက်ယူစိစစ်ပြီး ဂဏန်း ၁၀ လုံးပါတဲ့ UID နံပါတ် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လူငယ်နဲ့ စာပေအနုပညာပွဲတော်ကို လာရောက်လေ့လာတဲ့ အသက် ၁၀ အထက်အားလုံးကို UID နံပါတ် တစ်ခါတည်းထုတ်ပေးသွားမှာဖြစ်လို့ နိုင်ငံသားစိစစ်ရေးကတ်ယူခဲ့ဖို့ အကြံပြုလိုပါတယ်။ အသက် ၁၀ နှစ်အထက်ဆိုရင် အခြေခံပညာကျောင်းတွေမှာ နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီး ဖြစ်ပါတယ်။ e-ID ရဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့ ကိုယ်ရေးအချက်အလက်ဖြစ်တဲ့ လက်ဗွေ၊ မျက်လုံး၊ မျက်နှာတွေကို မှတ်တမ်းယူမှာ ဖြစ်ပါတယ်။ နောင်တစ်ချိန်မှာ စမတ်ကတ်တွေ ထုတ်ပေးသွားမှာဖြစ်လို့ စမတ်ကတ်ရဲ့ အခြေခံဖြစ်တဲ့ UID နံပါတ်ရရှိဖို့အတွက် ပြခန်းကို လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ ဒီလို စာပေအနုပညာပွဲကို ကျင်းပပေးခြင်းအားဖြင့် စည်းလုံးမှုနဲ့ လေ့လာစရာဗဟုသုတတွေ ရရှိစေတဲ့အတွက် နိုင်ငံတော်အတွက်ရော၊ လူငယ်တွေအတွက်ရော အကျိုးရှိစေတဲ့ ပွဲကြီးတစ်ပွဲလို့ မြင်ပါတယ်” ဟု ပြောသည်။

**ထည့်သွင်းကျင်းပ**

အလားတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးရုံးမှ ဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ဖျော်ဖြေရေး အစီအစဉ်များ၊ အသိပညာဗဟုသုတရဖွယ် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြခန်း၌ ဉာဏ်စမ်းပဟေဠိမေးခွန်းများ ထည့်သွင်းကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဦးရဲမင်းသန်းက “ပြခန်းမှာ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိအစီအစဉ်ကို ထည့်သွင်းပြသသွားမှာဖြစ်ပါတယ်။ ဉာဏ်စမ်းပဟေဠိ အစီအစဉ်ထည့်သွင်း ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ကျောင်းသားလူငယ်တွေအနေနဲ့ သူတို့လေ့လာမှတ်သားဖတ်ရှုထားတဲ့ သမိုင်းဆိုင်ရာအထောက်အထားတွေ၊ ပညာရပ်ဆိုင်ရာနဲ့ လွတ်လပ်ရေးဆိုင်ရာအထောက်အထားတွေကို စိတ်ကူးစိတ်သန်းတွေနဲ့ ပေါင်းစပ်ပြီး မေးခွန်းတွေကို ဖြေဆိုနိုင်အောင် ဖန်တီးထားခြင်းဖြစ်ပါတယ်။ မေးခွန်းတွေထဲမှာဆိုရင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ အထောက်အထား အကြောင်းအရာတွေနဲ့ ကျောင်းသားလူငယ်တွေ သိသင့်သိထိုက်တဲ့ နိုင်ငံတော်ရဲ့ သမိုင်းဆိုင်ရာ အထောက်အထားတွေကို မေးမြန်းထားပါတယ်။ အဖြေမှန်တဲ့ ကျောင်းသားလူငယ်တွေကို အမှတ်တရလက်ဆောင်ပစ္စည်းတွေနဲ့ ဂုဏ်ပြုဆုတွေ ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြခန်းကို ကျောင်းသားလူငယ်တွေအပြင်မိဘပြည်သူတွေ လာရောက်လေ့လာကြည့်ရှုကာ မေးခွန်းတွေဖြေဆိုရင်း ဆုတွေရယူပြီး အသိပညာဗဟုသုတတိုးပွားလာမှာ ဖြစ်တဲ့အတွက် လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်” ဟု ပြောသည်။

အဆိုပါ ပွဲတော်ကို လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် လူငယ်များ စာပေနှင့် ရင်းနှီးပြီး စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့် အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူသိမြင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ထိုသို့ ကောင်းမွန်သည့် ရည်ရွယ်ချက်များ ပြည့်ဝစွာဖြင့် နိုင်ငံတော်အစိုးရမှ စေတနာအပြည့်ဖြင့် စီစဉ်ဆောင်ရွက်ထားသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်သို့ နောင်အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြရမည့် ကျောင်းသားလူငယ်များအနေဖြင့် တက်ကြွသည့်ခြေလှမ်းများဖြင့် လှမ်းလာကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။

**သတင်း- ဟိန်းမင်းစိုး၊ အေးအေးသန့်**
**ဓာတ်ပုံ - ရွှေကိုလေး**


ညွှန်ကြားရေးမှူး
ဒေါက်တာခင်စောအေး


ညွှန်ကြားရေးမှူး
ဦးဝင်းလှိုင်ဦး


ညွှန်ကြားရေးမှူး
ဦးရဲမင်းသန်း


လူငယ်နှင့် စာပေအနုပညာပွဲတော် ဖျော်ဖြေရေးအစီအစဉ်အတွက် လေ့ကျင့်နေမှုကို တွေ့ရစဉ်။


လူငယ်နှင့် စာပေအနုပညာပွဲတော်တွင် ပါဝင်ပြသမည့် ဌာနဆိုင်ရာပြခန်းများ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA)ရုံး၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Francis Pio Smith နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)ရုံး၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Francis Pio Smith နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့အကြား လက်ရှိ ဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကူဝိတ်နိုင်ငံ၏ အကြီးအကဲ(ဘုရင်) His Highness Sheikh Nawaf al-Ahmad al-Jaber al-Sabah ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းသည် ကူဝိတ်နိုင်ငံ၏အကြီးအကဲ(ဘုရင်) His Highness Sheikh Nawaf al-Ahmad al-Jaber al-Sabah ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က ကွယ်လွန်သွားခြင်းအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၆၂/ဘီ)ရှိမြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ယနေ့နံနက် ၁၁ နာရီတွင် သွားရောက်လက်မှတ်ရေးထိုးသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံကို နိုင်ငံခြားခရီးသွားစိတ်ဝင်စားမှု မြင့်တက်လာစေရေးအတွက် ဖြေလျှော့ပေးမှုများ ဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံကို နိုင်ငံခြားခရီးသွားစိတ်ဝင်စားမှုမြင့်တက်လာစေရေးအတွက် ဖြေလျှော့ပေးမှုများကို ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနထံမှ သိရသည်။

နိုင်ငံခြားခရီးသွားများ မြန်မာနိုင်ငံကို စိတ်ဝင်စားစေရန်အတွက် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip-Fam Trip) များ ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှမြင့်က ပြောသည်။

ထို့အပြင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း ခရီးသွားလုပ်ငန်းအရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးစေရန်နှင့် ပြည်ပခရီးသွားဧည့်သည်များဝင်ရောက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေရာတွင် ဗီဇာဖြေလျှော့မှုနှင့် ကင်းလွတ်ခွင့်ဆောင်ရွက်ပေးမှုများလည်းရှိကြောင်း ၎င်းက ပြောသည်။

"လက်ရှိမှာဆိုရင် တရုတ်နဲ့ အိန္ဒိယကို ဆိုက်ရောက်ဗီဇာ(Visa of Arrival) တွေပေးတယ်။ သက်ဆိုင်ရာဌာန လဝကတို့၊ နိုင်ငံခြားရေးတို့ကလည်း ဗီဇာတွေပေးနေတယ်။ E-Visa ဆိုတာလည်း ပေးနေတယ်။ Visa Extension (ဗီဇာကင်းလွတ်ခွင့်) ရှုရှားတွေကို ပေးတာရှိတယ်။ ဆက်ပြီးတော့ ဖြေလျှော့မှုတွေကို သုံးသပ်နေတယ်" ဟု ဦးလှမြင့်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်အဖြစ် အောက်တိုဘာလအတွင်းကလည်း ရုရှားခရီးသွားများကို ဖိတ်ခေါ်ခဲ့ကာ နိုဝင်ဘာလအတွင်းက ထိုင်းခရီးသွားများကို ဖိတ်ခေါ်ခဲ့သကဲ့သို့ မြန်မာနိုင်ငံအပေါ် တရုတ်ခရီးသွားများအနေဖြင့် ပိုမိုစိတ်ဝင်စားမှုမြင့်တက်လာစေရန်ရည်ရွယ်၍ တရုတ်နိုင်ငံမှ ခရီးသွားများ စိတ်ဝင်စားစေရန် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip-Fam Trip) ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါ FAM Trip တွင် တရုတ်နိုင်ငံရှိ မီဒီယာများ၊ Influencer များ၊ Blogger များ၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ လူဦးရေ ၄၀ ခန့် ပါဝင်မည်ဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ ပုဂံ အစရှိသည့် ခရီးစဉ်များသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှု တစ်သန်းကျော်ရှိခဲ့ပြီး ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှ ခရီးသွား အများဆုံး ဝင်ရောက်ခဲ့ကြောင်းလည်း ၎င်းက ပြောသည်။ **MT**

## မောင်တို့မယ်တို့ စွမ်းဆောင်စို့

✻ မြန်မာပြည်ကြီး၊ ရှေ့ခရီးကို
ဦးစီးရှက်ဆောင်၊ ပြုမည့် မောင် သည်
နောင်ညီ ရင်နှစ် လူငယ် ဖြစ်၏။

✻ မြန်မာ့လူငယ်၊ အသိကြွယ်လျက်
ရင်ဝယ် ထက်သန်၊ ဇာတိမာန်ဖြင့်
ဒို့မြန်မာများ
စီးပွား ဖြိုးလျက်၊ ကြီးပွား မျိုးဆက်
တိုးတက်စေဖို့ ကြိုးပမ်းစို့။

✻ မြန်မာ့လူငယ်၊ အမြင်ကျယ်လျက်
နယ်ပယ် အစုံ၊ ဖြန့်လွှမ်းခြုံကာ
ဂုဏ်ဟိတ်မြင့်မား၊ မြန်မာ့အား ကို
ဝင့်ကြွားစေဖို့ ကြိုးပမ်းစို့။

✻ ဩော် .. ဒို့ မောင်မယ်များ
ငါးတန်ဗလ၊ အားမာန်ပြလျက်
မြန်မာ့အနာဂတ်၊ ဖြောင့်ဖြူးလတ်အောင်
တတ်မှု သိမှု၊ စောင့်ရှောက်မှုဖြင့်
ပြင်မှု ဆင်မှု၊ ကာကွယ်မှုဖြင့်
ကြိုးမှု ဆောင်မှု၊ အားထုတ်မှုဖြင့်
တုမှု ပြုမှု၊ တီထွင်မှုဖြင့်
မြော်မှု တွေးမှု၊ ဆင်ခြင်မှုဖြင့်
စေ့ငုသေချာ၊ လုပ်ဆောင်ကာလျှင်
မြန်မာပြည်ကျိုး၊ တိုးထက်တိုးအောင်
သယ်ပိုးနိုင်ကြပါစေသတည်း။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(လူငယ်နှင့်စာပေအနုပညာပွဲတော်သို့ ဂုဏ်ပြုလျက်)

**○ မြန်မာ့နှမ်းမှ**

"စားအုန်းဆီက ကိုယ့်နိုင်ငံ လိုအပ်ချက်တွေအရ ဖြည့်ပေးရတာမျိုး ရှိတာပေါ့။ အခုနောက်ပိုင်း ဈေးတွေကလည်း တက်နေတဲ့အခါ ကိုယ့်ပြည်တွင်းက ထွက်တဲ့ဆီထွက်သီးနှံတွေကိုပဲ သုံးလာတဲ့သဘောမျိုး ဖြစ်လာကြတော့ ပြည်တွင်းအရောင်းအဝယ်လုပ်ငန်းတွေ ပိုပြီး အလုပ်လုပ်လာရတဲ့ အခြေအနေမျိုး ပြောင်းလာတယ်။ အဲဒီလိုဆိုတော့ ပြည်တွင်းပိုင်းက သုံးစွဲတဲ့အပိုင်းတွေ ပိုပြီးများလာတဲ့အခြေအနေရှိပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ဆန်စပါးကို အဓိကထားစိုက်ပျိုးသည့်အပြင် ပဲ၊ ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးကြကာ ၂၀၂၂-၂၀၂၃ ခုနှစ်က နှမ်းဧကပေါင်း ၃ ဒသမ ၈၆ သန်း စိုက်ပျိုးခဲ့ပြီး တင်းပေါင်း ၃၀ ဒသမ ၅၃ သန်းထွက်ရှိခဲ့ကြောင်း သိရသည်။ **MT**

# ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းသုံးမျိုး ဖွင့်ပွဲနှင့် ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း အမှတ်စဉ်(၆၄) သင်တန်းဖွင့်ပွဲ ကျင်းပ




**နေပြည်တော်　ဒီဇင်ဘာ　၁၉**

အာဆီယံ – ဂျပန် ဗဟိုဌာန၏ ကူညီထောက်ပံ့မှုဖြင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းသုံးမျိုး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Sedona ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖွင့်လှစ်သည့် သင်တန်း၌ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း သုံးမျိုးဖြစ်သော ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းမှုသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်းတို့ ပါဝင်ကြောင်း၊ ယခုကဲ့သို့ သင်တန်းကို ပုဂံမြို့တွင်လည်း ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အာဆီယံ– ဂျပန် ဗဟိုဌာနနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများစွာရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

သင်တန်းသားများ အနေဖြင့် သင်တန်းမှ ပို့ချပေးသော စာတွေ့/လက်တွေ့ဘာသာရပ်များကို စနစ်တကျ လေ့လာသင်ယူကြပြီး လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရေး ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းအလိုက် သင်ကြားပို့ချနေမှုအခြေအနေကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည့် ဧည့်လမ်းညွှန်(အခြေခံ) သင်တန်း အမှတ်စဉ် (၆၄) သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ ဝန်ကြီးဌာနမှ National Guide သင်တန်းများ၊ Regional Guide သင်တန်းများ ဖွင့်လှစ်ပေးနေမှု၊ ဧည့်လမ်းညွှန် လိုင်စင်သက်တမ်းလွန်သူများအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးနေမှု၊ ဧည့်လမ်းညွှန်တစ်ယောက် လိုက်နာရမည့် ကျင့်ဝတ်များနှင့် အရေးပါမှုများ၊ ဧည့်လမ်းညွှန်ကောင်းများ ဖြစ်အောင် ကြိုးစားလေ့လာသွားကြရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မုန့်ဖုတ်သင်တန်း ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် လက်တွေ့ သင်ကြားပေးနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော်　ဒီဇင်ဘာ　၁၉**

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များနှင့် နေပြည်တော်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အရေးယူဆောင်ရွက်**

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း တရားမဝင် ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးအတွက် အထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တရားမဝင် ကုန်ပစ္စည်းများနှင့် စက်သုံးဆီများ တရားမဝင်ရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကိုလည်း စဉ်ဆက်မပြတ် စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်မှု မရှိစေရေး၊ ဖမ်းဆီးရမိသည့် လိုင်စင်ရှိ/လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်နှင့် စက်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးအပ်နှံနိုင်ရေး၊ ဖမ်းဆီးရမိပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ တာဝန်ကျ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ်ပြီး အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ရဲမှူးကြီးကိုကိုလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း တရားမဝင် ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေး ဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန်၊ ဆပ်ကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဆပ်ကော်မတီနှင့်လုပ်ငန်းအဖွဲ့များအလိုက် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြကာ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ကိုရီးယားနိုင်ငံမှ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန် မြန်မာနိုင်ငံမှ ရာသီချိန်လုပ်သားများကို ဒေသန္တရအစိုးရအချင်းချင်း MoU လက်မှတ်ရေးထိုးစေလွှတ်ရန် ဆောင်ရွက်နေ

**ရန်ကုန်　ဒီဇင်ဘာ　၁၉**

ကိုရီးယားသမ္မတနိုင်ငံမှ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန် မြန်မာနိုင်ငံမှ ရာသီချိန် လုပ်သားများကို မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဒေသန္တရအစိုးရအချင်းချင်း MoU လက်မှတ်ရေးထိုးပြီး စေလွှတ်ရန် ဆောင်ရွက်နေကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံက ကိုရီးယားသမ္မတနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန် ရာသီချိန် လုပ်သားစေလွှတ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မူအားဖြင့် ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရကာ အဆိုပါ ရာသီချိန် လုပ်သား အလုပ်အကိုင်သည် ၈ လလုပ် ၄ လ နား စနစ်ဖြင့် ကာလတို လုပ်ကိုင်ရခြင်းဖြစ်သည့်အပြင် မြန်မာနိုင်ငံမှ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ကိုရီးယားနိုင်ငံမှ စိုက်ပျိုးရေးနည်းပညာများကို လေ့လာရန် အခွင့်အလမ်း ရနိုင်မည် ဖြစ်သည်။

“လုပ်အားခအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ဒေသတွင်းနိုင်ငံတွေထက် လစာပိုမိုရရှိမှာဖြစ်တဲ့အပြင် ပြည်သူလူထုရဲ့ စားဝတ်နေရေးနဲ့ လူမှုအဆင့်အတန်း ပိုမိုမြင့်တက်လာစေမှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံလုပ်သားတွေရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး စေလွှတ်လိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကိုရီးယားသမ္မတနိုင်ငံကို ရာသီချိန်စိုက်ပျိုးရေးလုပ်သားတွေ ခေါ်ယူနိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှာရှိတဲ့ ပြည်နယ်၊ ခရိုင်နဲ့ မြို့တော်များမှ အစိုးရအဖွဲ့တွေက မြန်မာနိုင်ငံနဲ့နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ဆောင်ရွက်လိုတယ်ဆိုပြီး ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီတို့မှတစ်ဆင့် မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာနကို လာရောက်တင်ပြမှုတွေ ရှိပါတယ်” ဟု အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားထားသည်။

ရာသီချိန်လုပ်သားစေလွှတ်ခြင်းလုပ်ငန်းစဉ်အရ ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပထမဦးစွာ ကိုရီးယားနိုင်ငံ ဒေသန္တရအစိုးရနှင့် မြန်မာနိုင်ငံ ဒေသအစိုးရတို့ နားလည်မှုစာချွန်လွှာ လက်မှတ် (MoU) ရေးထိုးရခြင်းဖြစ်ရာ ကိုရီးယားသမ္မတနိုင်ငံရှိ သက်ဆိုင်ရာ ပြည်နယ်များ၊ မြို့တော်များမှ မြို့တော်ဝန်များ၊ အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံမှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ အလုပ်သမားရေးရာဝန်ကြီးနှင့် လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ထားသကဲ့သို့ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် လက်မှတ်ရေးထိုးနိုင်ရန်လည်း ဆောင်ရွက်ထားကြောင်း အလုပ်သမားဝန်ကြီးဌာနထံမှ သိရသည်။

“ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရရှိပြီးနောက် ဒေသန္တရအစိုးရအချင်းချင်း MoU ရေးထိုးပြီးပါက လုပ်သားစုဆောင်းခြင်း၊ ရွေးချယ်ခြင်း၊ စေလွှတ်ခြင်း စတဲ့လုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး ရာသီချိန်စိုက်ပျိုးရေး လုပ်သားတွေကို ၈ လ လုပ် ၄ လ နား စနစ်နဲ့စေလွှတ်သွားမှာ ဖြစ်ပါတယ်” ဟု အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူက ဆက်လက်ဖြေကြားထားသည်။

မြန်မာနိုင်ငံအနေဖြင့် ရာသီချိန်လုပ်သားစေလွှတ်ရာတွင် နိုင်ငံ့ပုံရိပ် ထိခိုက်မှု ရှိစေမည့် လုပ်သားများ ထွက်ပြေးခြင်း၊ တရားမဝင်နေထိုင်ခြင်း၊ ပြန်ပို့ခံရခြင်းများ မရှိစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်အတွက် သက်ဆိုင်ရာ အေဂျင်စီများကို လမ်းညွှန်ထားကြောင်းလည်း သိရသည်။

“ရာသီချိန် လုပ်သားစေလွှတ်ခွင့်ရတာ ကောင်းပါတယ်။ ကိုယ့်နိုင်ငံသားတွေ လခလည်း အများကြီး ပိုရမယ်။ သူက ရှစ်လ လုပ်ပြီး လေးလ နားတာ။ ပြည်ပအတွက် အခွင့်အလမ်းအသစ် တိုးလာတာပါ” ဟု မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ထက်ဦးမောင်**

# လိုသည်ထက်ပိုတာ မကောင်းပါ

ခင်သန်းမြင့်

**ပြီးခဲ့တဲ့ရက်တွေတုန်းက စက်သုံးဆီတွေ ပြတ်လပ်တော့မယ်၊ ဈေးတွေမတန်တဆတက်တော့မယ်ဆိုတဲ့ ကောလာဟလသတင်းတွေနဲ့အတူ စက်သုံးဆီအရောင်းဆိုင်တွေမှာ မော်တော်ယာဉ်တွေ အလုအယက်နဲ့ တိုးမပေါက်အောင် စည်ကားလိုက်တဲ့ဖြစ်ခြင်း။**

အထူးသဖြင့် ကျွန်မတို့ ရန်ကုန်ရွှေမြို့တော်က သူ့ထက်ကဲ ရွှေပြည်စိုး။ အခုခေတ် ကလေးတွေ ပြောသလို ဂယက်တွေထလိုက်ကြတာ လွန်ပါရော။ ပုံမှန်သုံးစွဲနေကျ ပမာဏထက်ပိုမိုဝယ်ယူမှုကြောင့် ဝယ်လိုအားနဲ့ ရောင်းလိုအား မမျှမတဖြစ်ပြီး စက်သုံးဆီအရောင်းဆိုင်အချို့ ဆီဖြည့်တင်းဖို့ ထွက်ခွာလာတဲ့ ဆီသယ်ယာဉ်တွေ မရောက်မီ ကာလအတွင်း ခေတ္တအရောင်းရပ်ဆိုင်းရတဲ့ အခြေအနေအထိပါပဲ။ စက်သုံးဆီအရောင်းဆိုင်တွေမှာ ညအိပ်ညနေ တန်းစီစောင့်ဆိုင်းဝယ်ယူကြ၊ ကြားဖြတ်လို့ အချင်းများရန်ဖြစ်ကြနဲ့ အတော့်ကို ပွက်လောရိုက်သွားခဲ့တယ်။

တကယ်တော့ ဒီလိုအဖြစ်မျိုးက ရန်ကုန်အပါအဝင် မြန်မာနိုင်ငံမှာ ထူးဆန်းတဲ့အကြောင်းအရာကိစ္စတော့မဟုတ်ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး ရည်ရွယ်ချက်ရှိရှိနဲ့ ဖွတဲ့သူတွေကလည်း ဖွလေ့ရှိကြတာကိုး။ ၂၀၀၇ ခုနှစ်တုန်းကလည်း ခေတ်အခြေအနေအရ စက်သုံးဆီဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့မှုကို အကြောင်းပြုပြီး ဆန္ဒပြမှုတွေဖြစ်ပေါ်လာအောင် တွန်းပို့ခဲ့ကြတာပဲ။

**ဂတ်စ်ကားမှဂတ်စ်ကားဖြစ်လာကြ**

တစ်ခါ မထသမော်တော်ယာဉ်တွေကို သဘာဝဓာတ်ငွေ့သုံး ဂတ်စ်ကားတွေအဖြစ် ပြောင်းလဲခဲ့စဉ်တုန်းကလည်း အဆင်သင့်မဖြစ်သေးဘူးတို့၊ ဂတ်စ်အိုးတွေက ခရီးသည်တွေအတွက် အန္တရာယ်ရှိတယ်တို့ဆိုပြီး မထသမော်တော်ယာဉ်အချို့ ပြေးဆွဲမှုရပ်လိုက်တဲ့အတွက် ခရီးသည်တွေ အခက်အခဲဖြစ်ခဲ့ကြရတယ်။ နောက်တော့လည်း တက္ကစီအငှားယာဉ်တွေကအစ ဂတ်စ်ကားမှဂတ်စ်ကား ဖြစ်လာကြပြန်ရော။

မှတ်မိသေးတယ်။ ၂၀၁၆ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရက မထသမော်တော်ယာဉ်လိုင်းတွေကို ပုဂ္ဂလိကကုမ္ပဏီပိုင် YBS ယာဉ်လိုင်းတွေအဖြစ်ပြောင်းလဲခဲ့စဉ်ကလည်း စစချင်းရက်တွေမှာ YBS ယာဉ်တွေ အပြည့်အဝ အစားမထိုးနိုင်ခဲ့တဲ့အတွက် ခရီးသည်တွေ၊ ဝန်ထမ်းတွေ ညနေအိမ်အပြန်မှာ စီးစရာကားတွေမရှိလို့ ပရဟိတတွေ၊ လူမှုဝန်ထမ်းစိတ်ရှိသူတွေက သူတို့ပိုင် မော်တော်ယာဉ်တွေနဲ့ အခမဲ့ပြေးဆွဲ ပို့ဆောင်ပေးခဲ့ရဖူးတယ်။

မြန်မာပြည်မှာ အဲဒီလို အခိုက်အတန့် အခက်အခဲကိစ္စတွေ ကြုံတွေ့လာရင်၊ ဖြစ်ပေါ်လာရင် နိုင်ငံရေးအလို့ငှာ၊ စီးပွားရေးအလို့ငှာ အခြေအနေဆိုးသထက်ဆိုးအောင် ရည်ရွယ်ချက်ရှိရှိ ကောလာဟလမျိုးစုံနဲ့ ဘေးတီးပေးတဲ့သူတွေ၊ ထုတ်လွှင့်လိုက်တဲ့ ကောလာဟလမျိုးစုံကိုယုံစားပြီး တီးကွက်အတိုင်း ယိမ်းကသလို လိုက်ကကြတဲ့သူတွေ၊ ဖြစ်ပေါ်လာတဲ့အခြေအနေ၊ အခက်အခဲအပေါ်မူတည်ပြီး မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသလို တစ်ပိုင်တစ်နိုင်ကနေ စီးပွားဖြစ်လုပ်စားလေ့ရှိတဲ့သူတွေ၊ ခဏတာအခိုက်အတန့် အဆင်မပြေမှုအပေါ် အပြစ်တင်စောတဲ့သူတွေ၊ အခုနောက်ပိုင်း ဆိုရှယ်မီဒီယာပေါ်မှာ Live လွှင့်ပြီး ဆယ်လီဖြစ်ချင်သူတွေစတဲ့ သူ့အုပ်စုနဲ့သူ။ ကြားထဲက အမြဲငထွားခါးနာရသူတွေကတော့ ရိုးသားတဲ့ ပြည်သူအများစုပေ့ါ။

ဒါကြောင့်လက်ရှိစက်သုံးဆီဂယက်နဲ့ပတ်သက်ပြီး သက်ဆိုင်ရာက သီလဝါဆိပ်ခံတံတားတွေမှာ ဆိုက်ကပ်ထားတဲ့ ဆီတင်သင်္ဘော ခြောက်စင်း၊ ပင်လယ်ဝ Pilot Station မှာ ဆိုက်ကပ်ထားတဲ့ ဆီတင်သင်္ဘော ကိုးစင်းနဲ့ စင်ကာပူကနေ ဆီတင်ပြီး ထွက်လာတဲ့ ဆီတင်သင်္ဘော တစ်စင်းရှိတာကြောင့် ပြည်တွင်းသုံးစွဲမှုပမာဏအရ အများပြည်သူတွေအနေနဲ့ စက်သုံးဆီပြတ်လပ်မှာကို စိုးရိမ်ပူပန်စရာမလိုတဲ့အကြောင်း၊ ဒ့ါအပြင် ဒီဇင်ဘာလအတွင်းမှာပဲ နောက်ထပ်ပြည်ပဆီတင်သင်္ဘော ၂၇ စင်းနဲ့ ထပ်မံတင်သွင်းဖို့ Supplier တွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားရှိပြီးတဲ့အကြောင်း ရှင်းလင်းထုတ်ပြန်ပြောဆိုခဲ့မှုကြောင့် စက်သုံးဆီပြတ်လပ်မှာကို စိုးရိမ်ကြောင့်ကြနေကြတဲ့ ပြည်သူအများစု စိတ်အေးသွားခဲ့ကြပါတယ်။

> **❝ တစ်ခါဖြစ်ပေါ်လာတဲ့ အခိုက်အတန့် အခက်အခဲပေါ်မူတည်ပြီး တစ်ပိုင်တစ်နိုင်ကနေ စီးပွားဖြစ်လုပ်စားလေ့ရှိသူတွေကိုတော့ သက်ဆိုင်ရာဥပဒေနဲ့ ထိန်းကျောင်းဖြေရှင်းခဲ့ရပါတယ်။ စက်သုံးဆီဆိုင်တွေမှာ အခေါက်ခေါက်အခါခါဝယ်ယူပြီး အပြင်မှာ ဈေးနှုန်းမြှင့်တင်ကာ လိုင်စင်မဲ့ပြန်လည်ရောင်းချသူတွေကို ၂၀၁၇ ခုနှစ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၀ အရ စက်သုံးဆီတွေကို လိုင်စင်မဲ့သယ်ယူပို့ဆောင်တာ၊ သိုလှောင်တာ၊ ရောင်းချတာတွေကို စစ်ဆေးတွေ့ရှိရင် အနည်းဆုံး ငွေဒဏ် ကျပ်သုံးသိန်းကနေ အများဆုံး ကျပ်သိန်း ၅၀ အထိဖြစ်စေ၊ တစ်နှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမှာဖြစ်တယ်လို့ သက်ဆိုင်ရာက သတိပေးထုတ်ပြန်ခဲ့ ❞**

**သက်ဆိုင်ရာဥပဒေနဲ့ ထိန်းကျောင်းဖြေရှင်းခဲ့ရ**

တစ်ခါဖြစ်ပေါ်လာတဲ့ အခိုက်အတန့် အခက်အခဲပေါ်မူတည်ပြီး တစ်ပိုင်တစ်နိုင်ကနေ စီးပွားဖြစ်လုပ်စားလေ့ရှိသူတွေကိုတော့ သက်ဆိုင်ရာဥပဒေနဲ့ ထိန်းကျောင်းဖြေရှင်းခဲ့ရပါတယ်။ စက်သုံးဆီဆိုင်တွေမှာ အခေါက်ခေါက်အခါခါဝယ်ယူပြီး အပြင်မှာ ဈေးနှုန်းမြှင့်တင်ကာ လိုင်စင်မဲ့ပြန်လည်ရောင်းချသူတွေကို ၂၀၁၇ ခုနှစ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၀ အရ စက်သုံးဆီတွေကို လိုင်စင်မဲ့သယ်ယူပို့ဆောင်တာ၊ သိုလှောင်တာ၊ ရောင်းချတာတွေကို စစ်ဆေးတွေ့ရှိရင် အနည်းဆုံး ငွေဒဏ် ကျပ်သုံးသိန်းကနေ အများဆုံး ကျပ်သိန်း ၅၀ အထိဖြစ်စေ၊ တစ်နှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမှာဖြစ်တယ်လို့ သက်ဆိုင်ရာက သတိပေးထုတ်ပြန်ခဲ့ပါတယ်။

ဒ့ါအပြင် စက်သုံးဆီဆိုင်တွေမှာ အကြိမ်ကြိမ်တန်းစီဝယ်ယူပြီး အချို့ရပ်ကွက်တွေမှာ ဓာတ်ဆီတစ်လီတာကို နေရာဒေသအလိုက် ငွေကျပ် ၄၀၀၀ ကျော်ကနေ ငွေကျပ် ၇၀၀၀ ဝန်းကျင်နဲ့ လိုင်စင်မဲ့ တစ်ဆင့်ပြန်လည်ရောင်းချမှုတွေ၊ တရားမဝင် သိုလှောင်ရောင်းချမှုတွေကိုလည်း စစ်ဆေးဖော်ထုတ်ဖမ်းဆီးကာ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့ပါတယ်။

ပြည်သူတွေအနေနဲ့လည်း ဒီလိုဆောင်ရွက်မှုတွေကို တွေ့ရှိပါက ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ သတင်းပို့တိုင်ကြားခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက မေတ္တာရပ်ခံနှိုးဆော်ခဲ့ပါတယ်။

**နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်များသို့ ဖြန့်ဖြူးပေးလျက်ရှိ**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးကလည်း ဒီဇင်ဘာ ၁၁ ရက်က နေပြည်တော်မှာကျင်းပတဲ့ ဗဟိုကော်မတီရဲ့ (၂/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ "စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းကဏ္ဍကို ပိုမိုထိရောက်စွာ စီမံဆောင်ရွက်နိုင်ရေး၊ ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများ အရည်အသွေးပြည့်မီရေးနှင့် ပြည်သူများဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများ စက်သုံးဆီအဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်များသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

ယခုရက်ပိုင်းအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ စက်သုံးဆီအရောင်းဆိုင်များအပြင် အချို့တိုင်းဒေသကြီး၊ ပြည်နယ်များရှိစက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ ပို့ဆောင်ရောင်းချပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် စိုးရိမ်စိတ်များကြောင့် ပိုမိုဝယ်ယူစုဆောင်းခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်ကထက် ဝယ်လိုအားပိုမိုမြင့်တက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဆီဆိုင်များတွင် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း စက်သုံးဆီများ တရားမဝင် ရောင်းချမှုမရှိစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနဲ့ တာဝန်ရှိသူများကလည်း ရန်ကုန်တိုင်းဒေသကြီးက စက်သုံးဆီအရောင်းဆိုင် ၁၄၆ ဆိုင်မှာ စက်သုံးဆီပြတ်လပ်မှုမရှိဘဲ လုံလုံလောက်လောက် ရောင်းချပေးနိုင်ရေးအတွက် ဒီဇင်ဘာ ၁၁ ရက်ကအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)ကို သွားရောက်ခဲ့ပြီး စက်သုံးဆီသိုလှောင်စခန်းမှာ စက်သုံးဆီသိုလှောင်ထားရှိမှုနဲ့ ဆီသယ်ယာဉ်တွေပေါ် စက်သုံးဆီဖြည့်တင်းမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆီသိုလှောင်ကန်မှ ဆီသယ်ယာဉ်တွေပေါ် ဆီဖြည့်သွင်းတဲ့စနစ် အားနည်းချက်မရှိရေး၊ အစီအစဉ်တကျ ဖြည့်သွင်းခြင်း၊ ထွက်ခွာခြင်းနဲ့ ဆိုင်အရောက် မြန်ဆန်ရေးစနစ်နဲ့ ဆောင်ရွက်နိုင်ဖို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါတယ်။

**လိုသလောက် ဝယ်ယူသုံးစွဲနိုင်ကြပြီ**

ယခုလိုတာဝန်ရှိသူအဆင့်ဆင့်က ဘက်ပေါင်းစုံကဏ္ဍအလိုက် လျင်လျင်မြန်မြန် ထိထိရောက်ရောက် စီမံဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုဆိုရင် အများပြည်သူတွေအနေနဲ့ စက်သုံးဆီဝယ်ယူသုံးစွဲရာမှာ ဟိုးတစ်ပတ်ကျော်ကထက်တော့ အများကြီး အဆင်ပြေလာခဲ့ပါပြီ။ ရန်ကုန်မြို့ရဲ့ တစ်နေ့တာ စက်သုံးဆီလိုအပ်ချက်ဟာ ဆီဂါလန် ခြောက်သောင်းခန့်ဖြစ်ပေမယ့် ယခုသက်ဆိုင်ရာက ဆီဂါလန် တစ်သိန်းကျော် ဖြန့်ဖြူးပေးလျက်ရှိတဲ့အပြင် ထပ်မံဝင်ရောက်မှုတွေလည်း ရှိနေတဲ့အတွက် ရန်ကုန်မြို့ခံပြည်သူတွေအနေနဲ့လည်း စိုးရိမ်ကြောင့်ကြမှုများ လျော့ပါးကင်းဝေးခဲ့ပြီး ပုံမှန်အတိုင်း မဖြစ်သေးပေမယ့် ကိုယ်လိုသလောက် ဝယ်ယူသုံးစွဲနိုင်ကြပြီဖြစ်ပါတယ်။ ညအိပ်ညနေ အချိန်ကြာမြင့်စွာ တန်းစီဝယ်ယူစောင့်ဆိုင်းခြင်းမျိုးလည်း မရှိသလောက်တွေ့ရပါတယ်။ ဆက်လက်ပြီး စက်သုံးဆီလုပ်ငန်းရှင်တွေ ပိုမိုအဆင်ပြေစေရေးအတွက်လည်း ဆီသယ်ယာဉ်တွေကို လက်ရှိလူကိုယ်တိုင်မှောထုတ်ယူရတဲ့စနစ်ကနေ Online နဲ့ မှောထုတ်ယူနိုင်တဲ့အဆင့်အဖြစ် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

> **❝ ကိစ္စမြားမြောင် လူတို့ဘောင်မှာ အမှုကိစ္စပေါင်းစုံနဲ့အတူ အခက်အခဲပေါင်းစုံကိုလည်း လူတိုင်း ကိုယ်စီကြုံတွေ့နေကြရဦးမှာပါပဲ။ ကြုံတွေ့လာခဲ့ရင်လည်း အတ္တစိတ်နဲ့ ကိုယ်လိုချင်တာ၊ ကိုယ်ဖြစ်ချင်တာ တစ်ခုတည်းမကြည့်ဘဲ ကိုယ်ချင်းစာစိတ်နဲ့ ကြည့်ဖို့လိုအပ်ပါတယ်။ ဂျပန်နိုင်ငံမှာ ဆူနာမီသဘာဝဘေးအန္တရာယ်ကြီး ကြုံတွေ့ခဲ့စဉ်ကဆို ဂျပန်ပြည်သူတွေဟာ စားသောက်ကုန်အပါအဝင် လိုအပ်တဲ့ပစ္စည်းတွေကို စနစ်တကျတန်းစီပြီး အများအကျိုးအတွက် ကိုယ်ချင်းစာစိတ်၊ စာနာစိတ်အပြည့်အဝနဲ့ အမှန်တကယ်လိုအပ်တာထက် ပိုမိုဝယ်ယူသုံးစွဲခြင်း မရှိခဲ့ကြပါဘူး ❞**

ကိစ္စမြားမြောင် လူတို့ဘောင်မှာ အမှုကိစ္စပေါင်းစုံနဲ့အတူ အခက်အခဲပေါင်းစုံကိုလည်း လူတိုင်း ကိုယ်စီကြုံတွေ့နေကြရဦးမှာပါပဲ။ ကြုံတွေ့လာခဲ့ရင်လည်း အတ္တစိတ်နဲ့ ကိုယ်လိုချင်တာ၊ ကိုယ်ဖြစ်ချင်တာ တစ်ခုတည်းမကြည့်ဘဲ ကိုယ်ချင်းစာစိတ်နဲ့ကြည့်ဖို့ လိုအပ်ပါတယ်။

စာမျက်နှာ ၈ သို့ ☆

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ၌ ဆီထွက်သီးနှံနေကြာ စမ်းသပ်စိုက်ပျိုးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာ၌ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်းလီမိတက်အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ဆီထွက်သီးနှံနေကြာ စမ်းသပ်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုံးတောကျေးရွာ၌ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက် အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ဆီထွက်သီးနှံနေကြာမျိုးများဖြစ်သည့် မြန်မာနိုင်ငံမှ ရေဆင်းမျိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Norma ၊ Bravo ၊ Excellent မျိုးများ စမ်းသပ်စိုက်ပျိုးနေမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်ပစားသုံးဆီတင်သွင်းမှုလျော့ကျရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမအသင်းသားတောင်သူများ၊ တာဝန်ရှိသူများအနေဖြင့် သီးနှံများအထွက်တိုးစေရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးမြေအမျိုးအစား၊ စိုက်ပျိုးရေရရှိရေးနှင့် စိုက်နည်းစနစ်များရရှိပြီးဖြစ်၍ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတု၊ မြေအမျိုးအစားပေါ်မူတည်၍ မည်သည့်မျိုးက ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည်ကို သိရှိရန်လိုအပ်ပြီး လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို စနစ်တကျမှတ်တမ်းတင်ထားရှိရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရန်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သတ်မှတ်ချိန်စိုက်ပျိုးရေရရှိရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး ဆောင်းဆီထွက်သီးနှံနေကြာ စမ်းသပ်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကြည့်ရှုစစ်ဆေး

ပြည် ဒီဇင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။




## သွားရောက်ကြည့်ရှု

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့နဝဒေးစက်မှုဇုန်ရှိ ဦးထွန်းထွန်းဦးက ကိုယ်တိုင်ထုတ်လုပ်လျက်ရှိသည့် လက်ဆွဲကောက်စိုက်စက် အလုပ်ရုံအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ခိုင်ခန့်ပြီး ပေါ့ပါးစွာ အသုံးပြုနိုင်ရေး၊ သက်သာသောနှုန်းထားများဖြင့် ဖြန့်ဖြူးပေးနိုင်ရေးနှင့် လိုအပ်သည့်နည်းပညာများအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် နဝဒေးရပ်ကွက်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဦးကျော်ဇေယျ၏ အသားတိုးဝက်အကောင် ၁၄၀ နှင့် အသားတိုးကြက် ၉၀၀၀ မွေးမြူရေးခြံသို့ ရောက်ရှိခဲ့ပြီး မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့ သရေခေတ္တရာ ရှေးဟောင်းဇုန်အတွင်း ရှေးဟောင်းကျိုးတူးဖော်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တူးဖော်သည့် ကုန်းအမှတ်အလိုက် တွေ့ရှိသည့် ပစ္စည်းများအား စနစ်တကျ မှတ်တမ်းတင်ထားရှိရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ယင်းနောက် ရှေးဟောင်းဇုန်အဝင်လမ်း လေးလမ်းသွားလမ်းချဲ့ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နတ်တလင်းကျေးရွာအုပ်စုတောင်သူဦးအေးမြင့်၏ ပိုက်ဆံလျှော် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုနှင့် ပျဉ်းမအိုကျေးရွာအုပ်စု တောင်သူဦးထွန်းထွန်းနိုင်၏ အထွက်နှုန်းကောင်း KK3 အမျိုးအစား တစ်ဧကတန် ၅၀ ကျော် ထွက်ရှိသည့် ကြံခင်းအား အဆင့်မြင့်ကြံခုတ်သိမ်း စက်ကြီးများဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လမိုင်းခင်းနှင့် လမတ်ခင်းများ အထွက်နှုန်းကောင်းမွန်စေရေး ကြံခုတ်သည့်နည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန်နှင့် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်မြို့ ရှောဝတီမြစ်လမ်းကြောင်း ကောင်းမွန်မှုရှိစေရေး ရေလမ်းကြောင်းလွှဲတာပြုလုပ်သည့် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ဖြန့်ဖြူးရောင်းချ

ဟိုပုံး ဒီဇင်ဘာ ၁၉

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် ကြက်ဥ၊ နွားနို့၊ အသား၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့တွင် ရောင်းချပေးလျက်ရှိသည်။

## ဖြန့်ဖြူးရောင်းချ

ထိုသို့ရောင်းချပေးရာတွင် ဟိုပုံးတပ်နယ်ကွပ်ကဲမှုအောက်ရှိ ကျောင်း၊ တပ်ရင်း/ တပ်ဖွဲ့များမှ တာဝန်ရှိသူများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ကြက်ဥ၊ နွားနို့၊ ဒိန်ချဉ်၊ ဝက်သား၊ ကြက်သား၊ စားသောက်ကုန်ပစ္စည်းများ၊ တပ်မတော်စက်ရုံထုတ်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

အဆိုပါ ဖြန့်ဖြူးရောင်းချပေးနေမှုကို တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး စောအောင်မျိုး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



☆ စာမျက်နှာ ၇ မှ

ဂျပန်နိုင်ငံမှာ ဆူနာမီ သဘာဝဘေးအန္တရာယ်ကြီး ကြုံတွေ့ခဲ့စဉ်ကဆို ဂျပန်ပြည်သူတွေဟာ စားသောက်ကုန်အပါအဝင် လိုအပ်တဲ့ပစ္စည်းတွေကို စနစ်တကျတန်းစီပြီး အများအကျိုးအတွက် ကိုယ်ချင်းစာစိတ်၊ စာနာစိတ်အပြည့်အဝနဲ့ အမှန်တကယ်လိုအပ်တာထက် ပိုမိုဝယ်ယူသုံးစွဲခြင်း မရှိခဲ့ကြပါဘူး။

မြန်မာစာပေကျမ်းဂန်တွေထဲမှာလည်း ကမ္ဘာဦးကာလက ကမ္ဘာဦးလူသားတွေဟာ ပင်ပင်ပန်းပန်းရှာဖွေလုပ်ကိုင်စားသောက်စရာမလိုဘဲ မြေပေါ်မှာ သူ့အလိုအလျောက်ပေါက်တဲ့ အခွံလည်းမဖုံး၊ ဖွဲလည်းမကပ်တဲ့ ဆန်သားသက်သက်သီးတဲ့ သလေးစပါးဆန်တွေကို ဆွတ်ယူချက်ပြုတ်စားသောက်လို့ရတယ်လို့ ဆိုပါတယ်။ နောက်ပိုင်းမှာ အတ္တ၊ လောဘ ကြီးသူတွေဟာ လိုတာထက်ပိုပြီး သုံး၊ လေး၊ ငါးရက်စာမက ဆွတ်ယူသိုလှောင်လာကြတဲ့အခါမှာတော့ သလေးစပါးတွေဟာ မူလပကတိအတိုင်း ပြန်ပေါက်ခြင်း၊ အသီးသီးခြင်းမျိုးမရှိတော့ဘဲ အငုတ်တွေအတိုင်းသာ ဖြစ်ကျန်ခဲ့တယ်လို့ ဆိုပါတယ်။ တကယ်တော့ ဘယ်အရာမဆို လိုသည်ထက်ပိုတာမျိုးက မကောင်းပါဘူးနော်။ ။

■

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၏ ဘဏ္ဍာငွေ အရ/အသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၏ ဘဏ္ဍာငွေ အရ/အသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလလုပ်ငန်းစီမံကိန်းတန်ဖိုး စုစုပေါင်းပမာဏအတွင်းမှ ဘဏ္ဍာနှစ်အတွင်း အမှန်တကယ် ဆောင်ရွက်ပြီးစီးနိုင်မည့် လုပ်ငန်းပမာဏကိုသာ လျာထားတောင်းခံရန်၊ဆောင်ရွက်ရမည့်လုပ်ငန်းများ၏ လုပ်ငန်းတန်ဖိုးများကို ဒေသပေါက်ဈေးဖြင့် တွက်ချက်ရေးဆွဲကြရန်၊ ငွေလုံးငွေရင်းအသုံးစရိတ် ခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲရာတွင် အမျိုးသား စီမံကိန်းဥပဒေနှင့်အညီ ရေးဆွဲရန်၊ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ အထိ (၅)နှစ် စီမံကိန်းလုပ်ငန်းစဉ်များကို အထောက်အကူပြုအောင်ရေးဆွဲရန်၊ နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ရေးဆွဲထုတ်ပြန်ထားသည့် မူဘောင်နှင့်အညီ ရေးဆွဲပေးပို့ကြရန်၊ နိုင်ငံတော်၏ မူဝါဒအရ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများအား ဦးစားပေးထည့်သွင်းရေးဆွဲရန်၊ ပုံစံဒီဇိုင်းနှင့် ခန့်မှန်းခြေစာရင်း ရေးဆွဲတွက်ချက်ရာတွင် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းပေါ်မူတည်၍ ပုံစံဒီဇိုင်းများ၊ ဗိသုကာပုံစံ၊ ပုံထုတ်ဒီဇိုင်း၊ ရေသန့်နှင့် လျှပ်စစ်ဒီဇိုင်းများအတွက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီတို့မှသက်ဆိုင်ရာဘာသာရပ်အလိုက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် ပညာရှင်များ၏ လက်မှတ်ပါရှိရေး သတိပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ခန့်မှန်းခြေငွေစာရင်းများ လျာထားရေးဆွဲရာတွင် လိုက်နာရမည့်အချက်များ၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ်များ ရေးဆွဲရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတိပြုလိုက်နာရမည့်အချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်များရေးဆွဲထားမှု၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် စက်ပစ္စည်းများ ဝယ်ယူခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းတို့အတွက် ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲထားရှိမှုနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးစိစစ်သုံးသပ်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၅ ခုရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ပါတီ ၆၅ ခုရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၄ ရက်မှစ၍ ခရိုင်နယ်မြေများအလိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေပြည်သာမြို့နယ် ရပ်/ကျေး ၁၃ ခုမှ ပြည်သူ ၅၁၄ ဦး၊ ပုဇွန်တောင်မြို့နယ် ရပ်ကွက် ခြောက်ခုမှ ပြည်သူ ၄၁၁ ဦး၊ ဒလမြို့နယ် ရပ်/ကျေး ၂၀ မှ ပြည်သူ ၄၆၂ ဦး၊ အလုံမြို့နယ် ရပ်ကွက် ၁၁ ခုမှ ပြည်သူ ၆၂၆ ဦး စုစုပေါင်းပြည်သူ ၂၀၁၃ ဦးတက်ရောက်၍လက်တွေ့စမ်းသပ်မဲပေး လေ့လာမှုများ ဆောင်ရွက်ကြသည်။




အဆိုပါ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၂၀ ရက်တွင် ပုဇွန်တောင်မြို့နယ်၊ ဒလမြို့နယ်နှင့် အလုံမြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းဖြတ်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်



**မိုင်းဖြတ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်ကိုစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်နိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးခိုင်စိုးဝင်းနှင့် ဈေးကော်မတီဝင်များက မြို့မဈေးအတွင်း လျှပ်စစ်မီးနှင့် မီးသုံးစွဲမှု၊ မီးသတ်ဆေးဘူး ထားရှိမှု၊ မီးသတ်ရေကန်များ တည်ဆောက် ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့မဈေးရှေ့တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်ရွှေနှင့် တပ်ဖွဲ့ဝင်များက ဈေးသူ ဈေးသားများအား မီးသတ်ဆေးဘူး၏ အသုံးဝင်ပုံနှင့် အသုံးပြုပုံအဆင့်ဆင့်တို့ကိုအသိပညာပေးဟောပြောပြီး မီးလောင်ရာတွင် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ပုံများကို လက်တွေ့သရုပ်ပြသကာ ဈေးသူ ဈေးသားများအား လက်တွေ့ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ပညာပေးဆောင်ရွက်ခဲ့သည်။ ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးအတွင်း မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်ပုံများ လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**

# ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲပြုလုပ်

**သထုံ ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဂေါ်ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားအား ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင့်သီတာဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။



ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် ကထိက/ဌာနမှူးများက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘွဲ့ နှစ်အလိုက် ထူးချွန်ဆုများ ရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတို့မှ ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြသည်။

အဆိုပါကြိုဆိုပွဲတွင် မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့်ဖျော်ဖြေခြင်း၊ King & Queen ရွေးချယ်ချီးမြှင့်ခြင်း၊ ကံစမ်းမဲများ ဖွင့်ဖောက်ပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နည်းပညာဖွံ့ဖြိုးမှုနှင့် သတင်းတု၊ သတင်းမှားပြဿနာ

အောင်ထက်လင်း (ကြိမ်ချောင်း)

ကမ္ဘာကြီးတွင် နှစ်ပေါင်း ၂၀၀ အတွင်း အရေးအပါဆုံးအဖြစ်အပျက်တစ်ခုမှာ ၁၈၇၆ ခုနှစ်၌ တယ်လီဖုန်းကို တီထွင်နိုင်ခဲ့ခြင်းဖြစ်သည်။ အလက်ဇန္ဒားဂရေဟမ်ဘဲလ်စ်(၁၈၄၇-၁၉၂၂)၏ ကျေးဇူးကြောင့် တယ်လီဖုန်းဖြင့် တိုက်ရိုက်ထိတွေ့ပြောဆိုနိုင်ခဲ့သဖြင့် လူမှုရေး၊ စီးပွားရေး ကဏ္ဍအသီးသီးတွင် အံ့မခန်းတိုးတက်မှုများရရှိခဲ့သည်။ ကြေးနန်းတစ်ခေတ်ကို အဆုံးသတ်စေခဲ့သည်။ ရာစုနှစ်အတွင်း တိုးတက်ဖွံ့ဖြိုးလာသော ကြိုးမဲ့နည်းပညာကြောင့် မိုဘိုင်းဖုန်းများသည် လူဦးရေအများစုထံရောက်ရှိလာသည်။ လေ့လာတွေ့ရှိချက်များအရ ဖုန်းဖြင့်ဆက်သွယ်ပြောဆိုမှု၏ တစ်ဝက်ခန့်သည် အလုပ်အကိုင်အခွင့်အလမ်းကိစ္စ၊ ကုန်စည်ဈေးနှုန်းများ သတင်းဖလှယ်ခြင်း၊ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စပြောဆိုခြင်း၊ ငွေပေးငွေယူကိစ္စများ ပြောဆိုခြင်းအပါအဝင် စီးပွားရေး၊ လူမှုရေးနှင့် အခြားသောကိစ္စများကို တိုင်ပင်ခြင်းဖြစ်သည်။ မိုဘိုင်းဖုန်းများစတင်ပေါ်ပေါက်စဉ်က အထက်တန်းလွှာများကသာကိုင်တွယ်အသုံးပြုနိုင်ခဲ့သော်လည်း ယနေ့ကာလတွင် အခြေခံလူတန်းစားများအထိ ဝယ်ယူအသုံးပြုလာနိုင်သဖြင့် ကဏ္ဍအသီးသီး၌ တိုးတက်မှုများဖြစ်ပေါ်လာခဲ့သည်။

**ကမ္ဘာ့လူဦးရေ၏ ၈၆ ရာခိုင်နှုန်းကျော်**

စစ်တမ်းများအရ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း စမတ်ဖုန်းအသုံးပြုသူဦးရေမှာ ခုနစ်ဘီလီယံနီးပါးဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ၈၆ ရာခိုင်နှုန်းကျော် စမတ်ဖုန်းတစ်လုံး ကိုယ်စီပိုင်ဆိုင်ထားသည်။ ကမ္ဘာကြီးတွင် နည်းပညာဖွံ့ဖြိုးမှုကြောင့် ကောင်းကျိုးရှိသကဲ့သို့ ဆိုးကျိုးများလည်း ဖြစ်ပေါ်လာသည်။ မိုဘိုင်းဖုန်းနှင့် ကင်းကွာမည့်အရေးကို စိုးရိမ်ပူပန်သူအရေအတွက် တစ်နေ့တခြားပိုများလာသည်။ သုတေသနစစ်တမ်းများအရ မိုဘိုင်းဖုန်းနှင့် ကင်းကွာနေရမည်ကို စိုးရိမ်မှုတွင် ဖုန်းပျောက်ဆုံးမှု၊ ဘက်ထရီကုန်ခန်းမှု၊ ဖုန်းဘေလ်လက်ကျန်ငွေနည်းပါးမှု၊ ဖုန်းလိုင်းမမိမည်ကို စိုးရိမ်မှုစသည်ဖြင့် အမျိုးမျိုးပါဝင်သည်။ ဖုန်းစွဲလမ်းမှုကို နိုမိုဖိုးဘီးယား (Nomophobia) ဟုပင် ခေါ်ဆိုလာကြသည်။ ဆိုရှယ်မီဒီယာကို အလွန်အကျွံအသုံးပြုသူများသည် ဖုန်းစွဲလမ်းသူများစာရင်းတွင် ထိပ်ဆုံး၌ပါဝင်နေသည်။ ဖုန်းစွဲလမ်းမှုသည် ဖုန်းကိုယ်စီပိုင်ဆိုင်ထားသော အိမ်တစ်အိမ်၌ မိသားစုတစ်စုအတွင်း နွေးထွေးမှုကင်းမဲ့လာသည်။ ဆိုရှယ်မီဒီယာအသုံးပြုမှုသည် လူငယ်အများစုဖြစ်သော်လည်း လူကြီးများသည်ပင်လျှင် မသုံးရလျှင် မနေနိုင်သည့်အနေအထားသို့ရောက်နေသည်။

လူငယ်ထုအတွင်း မိုဘိုင်းဖုန်းအသုံးပြုမှုများပြားလာသဖြင့် အွန်လိုင်းပေါ် အနိုင်ကျင့်မှု၊ ကျောင်းတွင်းအနိုင်ကျင့်မှုများ နေရာအနှံ့ဖြစ်ပွားသော အွန်လိုင်းအနိုင်ကျင့်မှုများသည် ဆယ်ကျော်သက်အရွယ်ကလေးများ၏ ပညာသင်ယူခွင့်နှင့် ကျန်းမာပျော်ရွှင်ခွင့်တို့ကို ထိပါးလာသည်။ နိုင်ငံအချို့ရှိကျောင်းများတွင် နည်းပညာကင်းမဲ့ဇုန်များကိုပင် ထူထောင်လာကြသည်။ နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အကောင်း၊ အဆိုးဒွန်တွဲနေမည်သာဖြစ်သည်။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဟူသည့် ဆိုစကားအတိုင်း စနစ်တကျအသုံးပြုလျှင် လူတိုင်းအတွက် အကျိုးရှိမည်ဖြစ်သော်လည်း အထိန်းအကွပ်မရှိ အလွန်အကျွံအသုံးပြုမှု၊ စွဲလမ်းလွန်မှုတို့ ဖြစ်ပေါ်နေပါက ရလဒ်ဆိုးများကိုသာ ထွက်ပေါ်စေမည်ဖြစ်သည်။ မိုဘိုင်းဖုန်းဖြင့် ဆိုရှယ်မီဒီယာအသုံးပြုသူတိုင်း နည်းလမ်းမှန်ကန်စွာအသုံးပြုကြရန် လိုအပ်သည်။

**သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ ပါရာဒိုင်းတစ်ခု**

ယနေ့ကာလတွင် နည်းပညာများ အံ့မခန်းဖွံ့ဖြိုးလာသဖြင့် သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်လမ်းကြောင်းများမှတစ်ဆင့် အလွယ်တကူရရှိနိုင်သည်။ ထိုအခါ ဆိုရှယ်မီဒီယာ၊ အွန်လိုင်းသတင်း၊ အီးမေးလ်နှင့် စာတိုပေးပို့မှုများထံမှ အချက်အလက်များစွာကို လက်ခံရရှိနေသဖြင့် အချိန်တိုအတွင်း အချက်အလက်များစုပုံလာသည်။ သတင်းအချက်အလက်လွန်ကဲမှုနှင့် ရင်ဆိုင်လာကြရသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၏ ခြိမ်းခြောက်မှုများနှင့်တူညီသဖြင့် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းဟုပင် ခေါ်ဆိုလာကြသည်။

> **“သတင်းတု၊ သတင်းမှားအန္တရာယ်များကို မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများပါ ရင်ဆိုင်ကြုံတွေ့နေရာ အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံများက နည်းလမ်းရှာဖွေဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင် မကြာသေးမီရက်ပိုင်းက လက်နက်ကိုင်သောင်းကျန်းမှုများ ဖြစ်ပေါ်လာခဲ့သည်ကို အကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် မျက်နှာစာအမျိုးမျိုးတွင် သတင်းတု၊ သတင်းမှားများကို အွန်လိုင်းလူမှုကွန်ရက်များပေါ်တွင် ဖြန့်ဝေပြီး ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လာကြရာ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်လာနိုင်သည့် အန္တရာယ်များရှိလာခဲ့”**

သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအတိုင်း သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ ပါရာဒိုင်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း ရှုမြင်မှုများရှိလာသည်။

၂၀ ရာစု၏ ဒုတိယနှစ်ဝက်တွင် ကွန်ပျူတာနှင့် သတင်းအချက်အလက်နည်းပညာများ တိုးတက်လာသည်နှင့်အမျှ အင်တာနက်ကို ဖန်တီးနိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ မှတ်တမ်းများအရ အင်တာနက်တွင် ဝက်ဘ်ဆိုက်ပေါင်း ၁ ဒသမ ၁၃ ဘီလီယံခန့်ရှိသည်။ ၎င်းတို့အနက် ၈၅ ရာခိုင်နှုန်းခန့်သည် ပုံမှန်လှုပ်ရှားမှုမရှိသော်လည်း မိနစ်ပိုင်းအတွင်း သတင်းနှင့် ဆောင်းပါးမျိုးစုံ ထောင်သောင်းချီ၍ အွန်လိုင်းပေါ်သို့ ရောက်ရှိနေဆဲဖြစ်သည်။ ဆိုရှယ်မီဒီယာသုံးစွဲသူများအနက် ၃၃ ရာခိုင်နှုန်းသည် အွန်လိုင်းပေါ်တွင် မိမိကိုယ်တိုင်ရှာဖွေခြင်းထက် ဆိုရှယ်မီဒီယာအသုံးပြုနေသူ သူငယ်ချင်းများ၏ အကြံပြုချက်များကို မှီခိုအားထားနေကြသဖြင့် အင်တာနက်သည် လူတိုင်းအတွက် သည်းခြေကြိုက်နေရာဖြစ်နေသည်။ လုပ်ငန်းခွင်များအတွင်း အီးမေးလ်စပမ်းများ၊ အီးမေးလ်အကြောင်းကြားချက်များ၊ မက်ဆေ့ချ်များ၊ တွဒ်များနှင့် ဖေ့စ်ဘွတ်အပ်ဒိတ်များကဲ့သို့သော အချက်အလက်များကြောင့်လည်း သတင်းအချက်အလက် ပိုလျှံမှုအဖြစ် တွေ့ကြုံနေကြရသည်။ ယေဘုယျအားဖြင့် အီးမေးလ်သည် ဝင်လာသည့်မက်ဆေ့ချ်များကို အချိန်မီအကြောင်းပြန်နိုင်ရန် လုပ်ဆောင်ရခြင်း၊ ရှည်လျားသောအစီရင်ခံစာများ၊ တင်ပြမှုများနှင့် ပူးတွဲပါဖိုင်များကို ဖတ်ရှုရခြင်းတို့ကြောင့် သတင်းအချက်အလက်စုပုံနေသော အဓိကအရင်းအမြစ်တစ်ခုဖြစ်လာသည်။

ဖေ့စ်ဘွတ်သည် လူမှုရေးဆိုင်ရာအချက်အလက်များ လွန်ကဲမှုကို ပိုမိုဖြစ်ပေါ်စေပါသည်။ လူတစ်ဦးသည် များပြားလှသောသတင်းအချက်အလက်များကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်လာသောအခါ ပြဿနာများကို ထိရောက်စွာစီမံဆောင်ရွက်နိုင်မှုစွမ်းရည်ကို ထိခိုက်နိုင်သည်။ စိတ်ပညာရှင်အချို့က လူများသည် တစ်ချိန်တည်းတွင် အချက်အလက်ခုနစ်ခုခန့်ကိုသာ လုပ်ဆောင်နိုင်သည်ဟု မှတ်ချက်ပြုကြသည်။ ထိုသို့မဟုတ်ပါက ဖိအားများသော အခြေအနေအောက်တွင် စိတ်ပိုင်းဆိုင်ရာရှုပ်ထွေးမှုများ ဖြစ်ပေါ်လာပြီး ညံ့ဖျင်းသောဆုံးဖြတ်ချက်များ ချမှတ်နိုင်ဖွယ်ရှိကြောင်း သတိပေးထားသည်။ အသစ်အဆန်းများနှင့် စိတ်လှုပ်ရှားဖွယ်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေရန် စိတ်အားထက်သန်မှုသည် သတင်းအချက်အလက် အလွန်အကျွံသုံးစွဲခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ ၎င်းသည် သတင်းအချက်အလက်များနှင့် ထိတွေ့မှုလွန်ကဲခြင်း၊ အလွန်အကျွံကြည့်ရှုခြင်း၊ ဒေတာထည့်သွင်းခြင်းတို့နှင့် ဆက်စပ်နေပါသည်။ သို့သော် လူအများ မိမိတို့ နေ့စဉ်လက်ခံရရှိနေသော အချက်အလက်တိုင်းသည် အရေးကြီးသည့်ကိစ္စရပ်များ မဟုတ်ပေ။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သတင်းအချက်အလက် ထုတ်လုပ်မှုအရှိန်အဟုန်ကြီးမားစွာ ဖွံ့ဖြိုးနေသောခေတ်ဖြစ်သည်။ ထိုအခါ သတင်းအချက်အလက်ကြွယ်ဝမှုနှင့်အတူ သတင်းအချက်အလက်ညစ်ညမ်းမှုများလည်း အတူတကွလိုက်ပါလာသည်။ သတင်းအချက်အလက်ညစ်ညမ်းမှုဆိုသည်မှာ မိမိ၏ တောင်းဆိုမှုကြောင့်မဟုတ်ဘဲ ရောက်ရှိလာသော သတင်းအချက်အလက်များ မှန်ကန်မှုမရှိသည့်အပြင် အများအတွက်လည်း အကျိုးမရှိသည့် သတင်းမှားနှင့် အတင်းအဖျင်းများ၊ လူတစ်ဦးချင်းသာမက လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အဆိပ်အတောက်သဖွယ်ဖြစ်စေသော အချက်အလက်များကို ဆိုလိုပါသည်။

**ကမ္ဘာတစ်ဝန်း အင်တာနက်အသုံးပြုသူ ၅ ဒသမ ၃ ဘီလီယံရှိ**

သတင်းအချက်အလက်ညစ်ညမ်းမှုသည် ယခုမှ ပေါ်ပေါက်လာသည့် ဝေါဟာရမဟုတ်ပေ။ မှတ်တမ်းများအရ အိုင်စီတီမဖွံ့ဖြိုးခင်ကတည်းက ရှိခဲ့သည်ဟုဆိုသည်။ ကိုရီးယားလူအများသည် နေ့စဉ်ဖြစ်ပေါ်နေသောသတင်းများကို သိရှိရန်နှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် သတင်းအချက်အလက်များကို အသုံးပြုနေကြရသည်။ မိတ်ဆွေအပေါင်းအသင်းများ၊ မိသားစုဆွေမျိုးသားချင်းများနှင့် ဆက်သွယ်ရန်အတွက် နေ့စဉ်နှင့်အမျှ အင်တာနက်ကို သုံးစွဲနေကြသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သောလေ့လာမှုစစ်တမ်းတစ်ခုအရ ကမ္ဘာတစ်ဝန်း အင်တာနက်အသုံးပြုသူ ၅ ဒသမ ၃ ဘီလီယံရှိသည့်အနက် ၃ ဒသမ ၇၁ ဘီလီယံသည် အနိမ့်ဆုံးအားဖြင့် ဖေ့စ်ဘွတ်၊ အင်စတာဂရမ်၊ မက်ဆင်ဂျာကို လစဉ်အသုံးပြုလျက်ရှိသည်။ လူအတော်များများမှာ တစ်ခုထက်ပို၍အသုံးပြုလေ့ရှိကြောင်း သိရသည်။ ဒစ်ဂျစ်တယ်ရေစီးကြောင်းပေါ်တွင် လှည့်ပတ်နေသောသတင်းအချက်အလက်ညစ်ညမ်းမှုများက သုံးစွဲမှုများအတွက် စိတ်အနှောင့်အယှက်ဖြစ်ဖွယ် ပြဿနာများဖြစ်လာသည်။

**ဆိုရှယ်မီဒီယာကဲ့သို့သော ဒစ်ဂျစ်တယ်ဆက်သွယ်ရေး**

သတင်းအချက်အလက် ညစ်ညမ်းမှုသည် ယေဘုယျအားဖြင့် အီးမေးလ်၊ စာတိုပေးပို့ခြင်းနှင့် ဆိုရှယ်မီဒီယာကဲ့သို့သော ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနှင့် သက်ဆိုင်သည်။ မိမိတောင်းဆိုမှုမရှိဘဲ အတင်းဝင်ရောက်လာသော အီးမေးလ်များ၊ မိမိလက်ကိုင်ဖုန်းထဲသို့ အလိုအလျောက်ဝင်လာသည့် မက်ဆေ့ချ်များ၊ မိမိဖုန်းကိုခေါ်ဆိုကာ မိတ်ဆက်လာသည့် ပရိုမိုးရှင်းစကားများ၊ သတင်းတု၊ သတင်းမှားများ၊ ကြော်ငြာများစသည်တို့မှာ သတင်းအချက်အလက်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော သတင်းအချက်အလက်အမှိုက်များဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း သတင်းအချက်အလက် ညစ်ညမ်းမှုကို လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှု၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတို့နှင့် နှိုင်းယှဉ်လာကြသည်။

သတင်းအချက်အလက်ညစ်ညမ်းမှုများသည် တင်ကူးကြံရွယ်ချက်ဖြင့် ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာရခြင်း မဟုတ်သော်လည်း ပြန့်ပွားနိုင်သည့်အတိုင်းအတာနှင့် အကျိုးသက်ရောက်မှုတို့မှာ အတူတူပင်ဖြစ်သည်။ သတင်းများကို အမှား၊ အမှန် စိစစ်ခြင်းမရှိဘဲ မိမိတို့စီမံခန့်ခွဲနေသည့် ဝက်ဘ်ဆိုက်တွင် သတင်းပေါင်းစုံကို ကူးယူဖော်ပြနေမှုများ၊ သတင်းမှား၊ သတင်းတုနှင့် လုပ်ကြံသတင်းများကို တမင်ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ရာမှ ဖြစ်ပေါ်လာသော သတင်းအချက်အလက်ညစ်ညမ်းမှုများကိုလည်း အားလုံးက ဆန့်ကျင်ကြရမည်ဖြစ်သည်။ သတင်းတု၊ သတင်းမှားအန္တရာယ်များကို မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများပါ ရင်ဆိုင်ကြုံတွေ့နေရာ အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံများက နည်းလမ်းရှာဖွေဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင် မကြာသေးမီရက်ပိုင်းက လက်နက်ကိုင်သောင်းကျန်းမှုများ ဖြစ်ပေါ်လာခဲ့သည်ကို အကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် မျက်နှာစာအမျိုးမျိုးတွင် သတင်းတု၊ သတင်းမှားများကို အွန်လိုင်းလူမှုကွန်ရက်များပေါ်တွင် ဖြန့်ဝေပြီး ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လာကြရာ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်လာနိုင်သည့် အန္တရာယ်များရှိလာခဲ့သည်။

သတင်းအချက်အလက်များ ပြောင်းလဲတိုးတက်လာသည့်ကာလတွင် သတင်းအချက်အလက်ဆိုင်ရာ ယုံကြည်စိတ်ချရမှုနှင့်ပတ်သက်သည့် သုတေသီများ၏ လေ့လာတွေ့ရှိချက်များအရ အင်တာနက်သည် သတင်းအချက်အလက်များ လွတ်လပ်စွာရရှိနိုင်ရန် ဆောင်ရွက်ခဲ့သော်လည်း ထိုသို့ဆောင်ရွက်မှုသည် သတင်းမှား၊ သတင်းတုများကို ခိုင်မာသည့်သုံးသပ်ချက်ကဲ့သို့ ထင်မြင်စေသည့် ဝါဒဖြန့်လိမ်ညာမှုများအတွက် အခွင့်အလမ်းဖြစ်စေခဲ့သည်ဟု မှတ်ချက်ပြုခဲ့သည်။ အင်တာနက်ကို အသုံးပြု၍ လူတစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်းသာမက နိုင်ငံနှင့်ချီ၍ သတင်းတု၊ သတင်းမှားများဖြင့် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်နေကြကြောင်း သိရသည်။ စာမျက်နှာ ၁၁ သို့ ❂

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး လျှပ်စစ်နှင့် စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနား တက်ရောက်

**ညောင်ရွှေ ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီမှ ဖွင့်လှစ်သည့် လျှပ်စစ်နှင့် စက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ်ရှိ သက်မွေးပညာသင်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် သင်တန်းခုနစ်မျိုးမှ သင်တန်းသား ၁၄၀၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် သင်တန်းခြောက်မျိုးမှ သင်တန်းသား ၁၂၅ ဦး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သင်တန်း ၁၀ မျိုးမှ သင်တန်းသား ၂၂၇ ဦးတို့အား အလုပ်အကိုင်အခွင့်အလမ်းရှာဖွေဖန်တီးပေးနိုင်ခဲ့ကြောင်း၊ သင်တန်းသားသင်တန်းသူများအနေဖြင့် ယခုသက်မွေးပညာသင်တန်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိပြီး မိမိဘဝရပ်တည်နိုင်ရေး၊ မိသားစုဝင်ငွေတိုးတက်စေရေးတို့အတွက် ဆောင်ရွက်နိုင်ကြပါစေကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းစားစရိတ် ထောက်ပံ့ငွေပေးအပ်ရာ သင်တန်းကျောင်းကျောင်းအုပ်ဆရာကြီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက သင်ထောက်ကူပစ္စည်းများ ပေးအပ်ရာ လျှပ်စစ်သင်တန်းဆရာနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးက သင်ထောက်ကူပစ္စည်းများ ပေးအပ်ရာ စက်ချုပ်သင်တန်းဆရာမတို့က လက်ခံရယူခဲ့ကြသည်။




ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှု၍ သင်တန်းတက်ရောက်သင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ သက်မွေးပညာသင်တန်း လျှပ်စစ်အခြေခံသင်တန်းသို့ သင်တန်းသား ၂၅ ဦး၊ စက်ချုပ်အခြေခံသင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြိတ်တက္ကသိုလ်တွင် တက္ကသိုလ်ပေါင်းစုံ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် တိုင်းရင်းသားလူငယ်စကားဝိုင်း ကျင်းပ

**မြိတ် ဒီဇင်ဘာ ၁၉**

တနင်္သာရီ တိုင်းဒေသကြီး တက္ကသိုလ်ပေါင်းစုံ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် တိုင်းရင်းသားလူငယ်စကားဝိုင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြိတ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



**တိုက်တွန်းပြောကြား**

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောမာတင်လူသာက အဆင့်မြင့်ပညာ သင်ယူနေကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများဟာ ပညာရေးမှာ ထူးချွန်ရုံသာမကဘဲ၊ တိုင်းရင်းသားလူငယ်များ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် တိုင်းရင်းသားဝတ်စုံပြိုင်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း၊ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလစသည့် ဗလငါးတန် ဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လူငယ်စကားဝိုင်းများ ကျင်းပပေးခြင်းသည် ကောင်းမွန်သည့် လုပ်ဆောင်ချက်တစ်ရပ် ဖြစ်ကြောင်းနှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် အနုပညာနှင့် စာပေသာမကဘဲ ဘက်စုံထူးချွန်သော အနာဂတ် သားကောင်းများ ဖြစ်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်က အမှတ်ပေး စည်းမျဉ်းများ ပြောကြားကာ ကျောင်းသားကျောင်းသူများက ထာဝရသစ္စာ အဖွင့်သီချင်းဖြင့် ကပြဖျော်ဖြေ၍ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် တိုင်းရင်းသားလူငယ်စကားဝိုင်းအား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကောင်းကောင်း(မြိတ်)**

# တာချီလိတ်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်း(တာချီလိတ်)တို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက အခြေခံပညာအလယ်တန်းကျောင်းခွဲ(တာလေ့)၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးလတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း(တာချီလိတ်)နာယက စာရေးဆရာသုတစိုး(နေ့သစ်)က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး"ခေါင်းစဉ်ဖြင့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းစာကြည့်တိုက်အတွက် သုတရသစာအုပ် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငွေးမာက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သထုံမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော၊ နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**သထုံ ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းတို့ကို ယနေ့နံနက်ပိုင်းက သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း လှမ္ဘူခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာကြည်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှငွေးက ခေတ်အဆက်ဆက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ၊ လွတ်လပ်ရေးတိုက်ပွဲဝင် သူရဲကောင်းများ၊ ရရှိပြီးသည့်လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်မြင့်မားရေးတို့ကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

❂ စာမျက်နှာ ၁၀ မှ

အင်တာနက်နည်းပညာ ဖွံ့ဖြိုးလာသည်နှင့်အမျှ သတင်းတု၊ သတင်းမှားအန္တရာယ်မှာ များလာသည်။ ပြည်တွင်း၌ အင်တာနက်အသုံးပြုတိုက်ခိုက်လှုံ့ဆော်မှုများကို ထိရောက်စွာအရေးယူနိုင်ခြင်းရှိသော်လည်း ပြည်ပမှအထောက်အပံ့များဖြင့် တိုက်ခိုက်လှုံ့ဆော်သွေးထိုးမှုများကို တုံ့ပြန်ရန် လိုအပ်ချက်များ ရှိနေသေးသည်။

အွန်လိုင်းအကြောင်းအရာများကို အသိအမှတ်ပြုရန်နှင့် အကဲဖြတ်ရန်အတွက် ပညာပေးမှုများ၊ ဆိုက်ဘာရာဇဝတ်မှု၊ အွန်လိုင်းလိမ်လည်ခြင်းနှင့် အွန်လိုင်းခြိမ်းခြောက်မှုများကို ကာကွယ်နိုင်ရန် အသိပညာနှင့် ကျွမ်းကျင်မှုများအား ဖြည့်ဆည်းပေးရန်လိုအပ်သည်။ သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်ပလက်ဖောင်းများအား ကျင့်ဝတ်များနှင့်အညီ အသုံးပြုနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမည်ဖြစ်သည်။ သတင်းတု၊ သတင်းမှားများ ကျယ်ပြန့်လာသောကာလတွင် ပြည်သူလူထုအား မှန်ကန်သောသတင်းသိနိုင်မှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးပြီး အွန်လိုင်းပေါ်တွင် အန္တရာယ်ကင်းဝေးရေး၊ သတင်းမှားများနှင့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် မီဒီယာကဏ္ဍမှသာမက နယ်ပယ်အသီးသီးမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုပါသည်။ သတင်းမှား၊ ကောလာဟလများ၊ သတင်းတုများသည် အွန်လိုင်းပေါ်၌ သတင်းအချက်အလက် ညစ်ညမ်းမှုအဖြစ် လှည့်ပတ်နေသဖြင့် ဆိုရှယ်မီဒီယာသုံးစွဲသူများအတွက် ဆိုးရွားသောပြဿနာများ ဖြစ်လာသည်။ အချက်အလက်များကို စစ်ထုတ်ခြင်းဖြင့် သတင်းအချက်အလက်လွန်ကဲစွာသုံးစွဲမှုကို ကာကွယ်နိုင်သည်။ အရေးအကြီးဆုံး အီးမေးလ်များကိုသာ ဖွင့်ကြည့်ခြင်း၊ သတင်းလွှာများနှင့် ကြော်ငြာအချို့ကို စာရင်းသွင်းခြင်းမှရပ်ဆိုင်းခြင်း၊ တစ်ချိန်တည်း၌ ဝက်ဘ်ဆိုက်များစွာဖွင့်ထားခြင်း၊ ဆိုရှယ်မီဒီယာပေါ်မှ အကျိုးမရှိသောအချက်အလက်များကို ဖတ်ရှုခြင်း၊ မျှဝေခြင်းတို့ကို ရှောင်ကြဉ်ခြင်းတို့ဖြင့် သတင်းအချက်အလက်လွန်ကဲမှုကို တုံ့ပြန်နိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး(၆/၂၀၂၃) ကျင်းပ

မုံရွာ ဒီဇင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး (၆/၂၀၂၃)ကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များအတွင်း မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မြို့သာယာလှပရေး၊ MSMEs လုပ်ငန်းအခြေအနေများနှင့် အခွန်အခများ ပြည့်ဝစွာကောက်ခံရရှိရေး လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လည်းကောင်း၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ အခွန်အခများ ပြည့်ဝစွာကောက်ခံရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးနှင့် အခွန်အခများ ပြည့်ဝစွာကောက်ခံရရှိရေး ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မကူးစက်နိုင်သောရောဂါများ၊ နှလုံးနှင့် နှလုံးသွေးကြောရောဂါ ကာကွယ်ခြင်း အခြေခံကုထုံးလမ်းညွှန် ပြည်နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့၌ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အဓိက မကူးစက်နိုင်သော ရောဂါများ၊ နှလုံးနှင့် နှလုံးသွေးကြောရောဂါ ကာကွယ်ခြင်း အခြေခံကုထုံးလမ်းညွှန် ပြည်နယ်အဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ကံကောင်းက မြန်မာနိုင်ငံ၏ မကူးစက်နိုင်သောရောဂါများ၏ လက်ရှိအခြေအနေ၊ သင်တန်း၏ရည်ရွယ်ချက်၊ မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးကုသခြင်းလုပ်ငန်းများ၏ အရေးပါမှု၊ ကိုယ်ခန္ဓာထုညွှန်းကိန်း BMI တွက်ချက်ခြင်း၊ နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေတွက်ချက်ခြင်း၊ သွေးတိုး၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ ရှာဖွေစစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်း၊ ပန်းနာရင်ကျပ်နှင့် နာတာရှည်လေပြွန်ရောဂါ ရှာဖွေစစ်ဆေးခြင်းနှင့်ကုသခြင်း၊ ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် ခံတွင်းကင်ဆာ ရှာဖွေစစ်ဆေးခြင်းနှင့် ညွှန်းပို့ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းသုံးစွဲမှုအန္တရာယ် လူနာများအား ကျန်းမာရေးအသိပညာပေးဆွေးနွေးခြင်း၊ သွေးတိုး၊ ဆီးချိုလူနာများအတွက် အထူးအကြံပေးခြင်းများအကြောင်း စသည်တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ပံ့ပိုးမှုဖြင့် မြို့နယ်အဆင့် ဆရာဖြစ် ဆင့်ပွားသင်တန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ကွမ်းခြံကုန်းမြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

နေပြည်တော် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သောင်ခုံကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မေဃဝတီကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် လေးပါး၊ ဒေသခံပြည်သူ ၁၅၃ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ပညာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး ဆွေးနွေးပွဲကျင်းပ



ပုသိမ် ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ပညာရေးဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားရေး ဆွေးနွေးပွဲနှင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ပညာရေးမှူးရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံး (စီမံ+ဘဏ္ဍာ) ဒေါက်တာကျော်စိုးနိုင်က စီမံရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး (ပညာ)ဒေါက်တာချစ်ကိုကိုက စာမေးပွဲနှင့်ပတ်သက်သည့်ကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးများက မိမိတို့ တာဝန်ယူရသည့်လုပ်ငန်းရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများက မိမိတို့ ခရိုင်နှင့်မြို့နယ်များတွင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍လည်းကောင်း တင်ပြဆွေးနွေးကြသည်။

စွမ်းဆောင်ရည် မြင့်မားရေး ဆွေးနွေးပွဲနှင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး အတွင်းရှိ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှပညာရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သန်လျင်မြို့ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက အဖွင့်အမှာစကားပြောကြားသည်။



ဘာသာရပ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဒီဇင်ဘာ ၂၂ ရက်ထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းတင်**



# အီဂျစ်သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတအယ်လ်စီစီ ဆန္ဒမဲ ၈၉ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့

ကိုင်ရို ဒီဇင်ဘာ ၁၉

အီဂျစ်နိုင်ငံ၏ လက်ရှိသမ္မတ အယ်လ်စီစီသည် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် တရားဝင်ဆန္ဒမဲ ၈၉ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း အီဂျစ်အမျိုးသားရွေးကောက်ပွဲ အာဏာပိုင်အဖွဲ့က ဒီဇင်ဘာ ၁၈ ရက်တွင် ကြေညာခဲ့သည်။

**၆၆ ဒသမ ၈ ရာခိုင်နှုန်းအထိ အနိုင်ရရှိခဲ့**

ကိုင်ရိုမြို့တော်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် အီဂျစ်အမျိုးသား ရွေးကောက်ပွဲ အာဏာပိုင်အဖွဲ့က မဲပေးသူစုစုပေါင်း ၆၇ သန်း၏ ၆၆ ဒသမ ၈ ရာခိုင်နှုန်းအထိ အနိုင်ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲအတွက် မဲပေးခြင်းကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၁၂၁ တွင်ရောက်ရှိနေသည့် အီဂျစ်နိုင်ငံသားများက ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ မဲပေးခဲ့ကြကြောင်း သိရသည်။

အီဂျစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်း လေးဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါ ကိုယ်စားလှယ်လောင်းလေးဦးမှာ အယ်လ်စီစီ၊ ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ ဖာရစ်ဇာရန်၊ အယ်လ်ဝက်ဒ်ပါတီမှ အဗ္ဗဒယ်ဆာနက်ယာမာမာနှင့် ပြည်သူ့ရီပက်ဘလီကန်ပါတီမှ ဟာဇမ်အိုမာတို့ ဖြစ်ကြောင်းသိရသည်။

ကိုးကား – ဆင်ဟွာ၊
ဘာသာပြန် – အလင်းသစ်

# ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေး ချက်ချင်းဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တောင်းဆို

ဂျီနီဗာ ဒီဇင်ဘာ ၁၉

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေး ချက်ချင်းဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြီးအကဲ ဂါဘရီယီဆက်က ထပ်မံတောင်းဆိုခဲ့သည်။ ဂျီနီဗာတွင်ကျင်းပသည့် ကုလသမဂ္ဂ အသိအမှတ်ပြု သတင်းထောက်များအသင်း နှစ်ပတ်လည်သတင်းစာရှင်းလင်းပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**ချီးကျူးပြောကြား**

ဂါဇာကမ်းမြောင်ဒေသသို့ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ ဝင်ရောက်ခွင့်ပြုရေး အပါအဝင် ဂါဇာရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းလုပ်ဆောင်ရန် WHO အမှုဆောင်ဘုတ်အဖွဲ့၏ အထူးအစည်းအဝေးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ၎င်းက ချီးကျူးပြောကြားသည်။


အဆိုပါဆုံးဖြတ်ချက်အရ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဂယက်ရိုက်ခတ်မှုများကို ဆက်လက်အစီရင်ခံရန်၊ အကျပ်အတည်း၏ စိတ်ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို အကဲဖြတ်ရန်၊ နည်းပညာနှင့် ထောက်ပံ့ရေးပစ္စည်းအကူအညီများ တိုးမြှင့်ရန် တောင်းဆိုထားသော်လည်း လက်ရှိအခြေအနေတွင် ဂါဇာဒေသ၌ အဆိုပါတာဝန်များကို ထမ်းဆောင်ရေးမှာ မဖြစ်နိုင်သေးကြောင်းနှင့် တစ်ခုတည်းသော စစ်မှန်သောကုစားမှုမှာ ချက်ချင်းအပစ်အခတ်ရပ်စဲရေးဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ယခုနှစ်တွင် နိုင်ငံပေါင်း ၁၉ နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ၊ လူနာများ၊ ဆေးရုံများ၊ ဆေးခန်းများနှင့် လူနာတင်ယာဉ်များအပေါ် တိုက်ခိုက်ခံရမှု ၁၂၀၀ ကျော်ဖြစ်ပွားခဲ့ပြီး လူ ၇၀၀ နီးပါး သေဆုံးကာ ၁၁၀၀ ကျော် ဒဏ်ရာရခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ကျန်းမာရေးကဏ္ဍအပေါ် တိုက်ခိုက်မှုများသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ၎င်းက ရှုတ်ချပြောကြားခဲ့သည်။



**သေဆုံးခဲ့**

ဂါဇာကမ်းမြောင် ဒေသတွင် အောက်တိုဘာ ၇ ရက် ကတည်းစတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ပါလက်စတိုင်း ၁၈၇၀၀ ကျော် သေဆုံးခဲ့ပြီး ၎င်းတို့ထဲမှ ၇၀ ရာခိုင်နှုန်းသည် အမျိုးသမီးနှင့် ကလေးများ ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား – စီဂျီတီအင်န်
ဘာသာပြန် – စိုးသူရ



# အာရှဒေသတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်ရေး ဂျပန်နိုင်ငံက ကြိုးပမ်းဆောင်ရွက်မည်

တိုကျို ဒီဇင်ဘာ ၁၉

အာရှဒေသတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်ရေးအတွက် ဂျပန်နိုင်ငံက ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ်ကီရှီဒါက ပြောကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံမှ နည်းပညာများကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ အေဇက်အီးစီဟု အမည်ရသည့် အာရှဒေသ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်ရေး အသိုက်အဝန်းဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ဂျပန်တာဝန်ရှိသူများ ဆွေးနွေးရာတွင် ၎င်းက ယခုကဲ့သို့ မှတ်ချက်ပြု ပြောကြားခြင်းဖြစ်သည်။

အာရှဒေသတွင် ကာဗွန်ဓာတ်ငွေ့ကင်းစင်ရေးသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသဖြင့် ၎င်းအရေးကို တီထွင်ဆန်းသစ်သည့်နည်းလမ်းများဖြင့် ကျော်လွှားရမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံများအလိုက် သီးခြားပုံစံများဖြင့် ဆောင်ရွက်ရေးအတွက် ၎င်းထိပ်သီးဆွေးနွေးပွဲ တက်ရောက်သည့် နိုင်ငံများအကြားသဘောတူညီခဲ့သည်။ အာရှဒေသကာဗွန်ဓာတ် ငွေ့ထုတ်လွှတ်မှုကင်းစင်ရေးစင်တာကို အင်ဒိုနီးရှားနိုင်ငံတွင် တည်ထောင်ပြီး နိုင်ငံတစ်နိုင်ငံချင်းစီ၏ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်ရေးဆိုင်ရာ မူဝါဒ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် သုတေသနပြုမှုများကို အထောက်အကူပြုဆောင်ရွက်ရေးအတွက် ယခုထိပ်သီးဆွေးနွေးပွဲ တက်ရောက်လာသည့် နိုင်ငံများအကြား သဘောတူညီခဲ့သည်။

ကိုးကား –အင်န်အိတ်ချ်ကေ
ဘာသာပြန် – စိုးသူရ

# လူမှုဆက်သွယ်ရေးမီဒီယာ တွစ်တာအား ဥရောပကော်မရှင်က စုံစမ်းစစ်ဆေးမည်

ဘရပ်ဆဲလ် ဒီဇင်ဘာ ၁၉

လူမှုဆက်သွယ်ရေးမီဒီယာ တွစ်တာအား ဥရောပသမဂ္ဂ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေ (DSA) ကို ချိုးဖောက်ခြင်း ရှိ၊ မရှိ စစ်ဆေးမည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ပြောကြားသည်။ "အီးယူနှင့်ပတ်သက်၍ မဟုတ်မမှန်သော သတင်းများကို ဖြန့်ခြင်းနှင့် တရားမဝင်သည့် ဖော်ပြချက်များကို ဖော်ပြခြင်းအတွက် တွစ်တာအား DSA ဥပဒေနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုကို စတင်တော့မည်" ဟု ဥရောပကော်မရှင်တာဝန်ရှိသူ Thierry က ပြောကြားသည်။

အစ္စရေးနိုင်ငံအပေါ် ဟားမတ်စ်တို့၏ တိုက်ခိုက်မှုများနှင့်ပတ်သက်၍ တွစ်တာ၏ သတင်းဖော်ပြချက် ပဏာမစုံစမ်းစစ်ဆေးမှုအပြီးတွင် ယခုကဲ့သို့ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ဥရောပကော်မရှင်က မှတ်ချက်ပြုပြောကြားခဲ့သည်။ တွစ်တာသည် DSA မူဘောင်အောက်တွင် တရားဝင်စစ်ဆေးမှုများကို ရင်ဆိုင်ရမည့် ပထမဆုံးနည်းပညာဆိုင်ရာလုပ်ငန်းဖြစ်သည်ဟု ကော်မရှင်၏အဆိုအရ သိရသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ

# အစ္စရေးနိုင်ငံက ကယ်ရင်ရှလွန်နယ်စပ်ဂိတ်ကို စတင်ဖွင့်လှစ်

ဂျေရုဆလင် ဒီဇင်ဘာ ၁၉

အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ကမ်းမြောင်ဒေသအတွင်းသို့ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရေးအတွက် ကယ်ရင်ရှလွန်နယ်စပ်ဂိတ်ကို ဒီဇင်ဘာ ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဂါဇာကမ်းမြောင်သို့ ထောက်ပံ့ရေးပစ္စည်းများ ၎င်းဂိတ်မှ ပထမဆုံးဝင်ရောက်မှုကို စတင်ခွင့်ပြုခဲ့သည်။

၎င်းနယ်စပ်ဂိတ်တွင် စစ်ဆေးမှုအများအပြားစတင်ဆောင်ရွက်နေပြီး ထောက်ပံ့ရေးပစ္စည်း အများအပြားကို ဝင်ရောက်ခွင့်ပြုကြောင်း အတည်ပြုခဲ့သည်။ ၎င်းနယ်စပ်ဖြတ်ကျော်သည့်ဂိတ်ဖွင့်လှစ်ရန် ဆုံးဖြတ်ချက်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ အစိုးရအဖွဲ့က ဒီဇင်ဘာ ၁၅ ရက်တွင် အတည်ပြုခဲ့သည်။ နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးပြီး ဆောင်ရွက်ခဲ့သော ဓားစာခံများ ပြန်လွှတ်ပေးရေး သဘောတူညီချက်၏ စည်းကမ်းချက်များအရ ယခုနယ်စပ်ဂိတ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ဤသဘောတူညီချက်အရ အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်သို့ အီဂျစ်မှ အစားအစာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ နေ့စဉ် ကုန်တင်ကား အစီး ၂၀၀ ဖြင့် ဝင်ရောက်ရာတွင် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးမည်ဖြစ်သည်။ သို့သော်လည်း အီဂျစ်နှင့် ဂါဇာကမ်းမြောင်ကြားရှိ ရာဖာနယ်စပ်ဂိတ်ကို ဖြတ်ကျော်ကာ တစ်ရက်လျှင် ထရပ်ကား အစီးရေ ၁၀၀ သာ ဖြတ်သန်းနိုင်ခဲ့သည်။ အီဂျစ်၊ အစ္စရေးနှင့် ဂါဇာနယ်စပ်တွင်တည်ရှိသော ကယ်ရင်ရှလွန်နယ်စပ်ဂိတ်သည် ရာဖာနယ်စပ်ဂိတ်နှင့် နှိုင်းယှဉ်ပါက ဂါဇာကမ်းမြောင်အတွင်း ကုန်စည်များအများအပြား ရောက်ရှိနိုင်သည့် အရေးကြီးသော လမ်းကြောင်းဖြစ်ကြောင်း သိရသည်။ အစ္စရေး ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဂါဇာဒေသတွင် အခြေခံအဆောက်အအုံအများအပြား ပျက်စီးခဲ့ပြီး ဒေသတွင်းစားနပ်ရိက္ခာ ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်ခဲ့သည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ ၇၃ လမ်း ၁၁၈ x ၁၁၉ လမ်းကြားရှိ GI ကားဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lenovo Intel Laptop ၁၈ လုံး အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၁၇ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုဗ္ဗသီရိ မြို့နယ် ရွာတော်ကျေးရွာ၌ လိုင်စင်မဲ့ Nissan Elgrand ယာဉ်တစ်စီးနှင့် Mitsubishi Elardis ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်၌ တရားမဝင် အခြားသစ် ၁၁ ဒသမ ၅၆၉ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၃၅၄၇၀)နှင့် Kamax သုံးဘီးမော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကိုလည်းကောင်း၊ သရက်ခရိုင် မင်းလှမြို့နယ်၌ တရားမဝင် အခြားသစ် သုည ဒသမ ၅၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၂၀၀)ကိုလည်းကောင်း၊ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့၌ အခြားသစ် ၂ ဒသမ ၄၂၁ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၆၄၀၂၆ ကျပ်)ကိုလည်းကောင်း၊ မကွေး ခရိုင် နတ်မောက်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့၌ အခြားသစ် ၁ ဒသမ ၂၄၇ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၀၆၆၇၄ ကျပ်)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၇၃၃၇၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ဒီဇင်ဘာ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ် စခတ (၈) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Volvo အမျိုးအစား စက်ယန္တရားယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ ကန့်ဘလူမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Molisa 125 ဆိုင်ကယ်တစ်စီးနှင့် INXINAG 125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၃၇၃၃၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Mai ko Sai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမူး တုံရပ်ကွက်နေ Mai Ko Sai (ခ)မျိုးသက်လှိုင်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ "Zay Yar Phyoe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပျားပင်ကျေးရွာနေ ဇေယျာဖြိုးအား ညနေ ၆ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၁၂-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ် ဓဇဂ္ဂသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၀၀ ပြည်တွင်းနံနက်(၈)နာရီသတင်း၊ နိုင်ငံတကာသတင်း
- ၀၈:၄၅ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘတ်စကက်ဘောအက်ဆေး** (အပိုင်း-၄၀)
- ၁၃:၀၀ သီချင်းကြိုးဝိုင်းအဖွဲ့
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်** (အပိုင်း-၂၆)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း** (အပိုင်း-၈၄)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၃၅ မျိုးဝက်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၇:၁၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၂၅ ပြည်တွင်းထုတ်ကုန်အားဖြင့် လူမှုဘဝမြင့်မားစေရမည်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဟာသမြို့တော်(ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) **အငှား**
- ၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘတ်စကက်ဘောအက်ဆေး** (အပိုင်း-၄၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း) အဆင့်)(ပထမဆု) 'တီလမုဦးဇာတ်တော်' (ဦးမျိုးသက်(ခ)ဘီသိတ်ဇော်နိုင်) (ကရင်ပြည်နယ်)
- ၂၁:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ **တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်** (အပိုင်း-၂၀)

**mitv**

- 07:01 Evergreen Classic: Thatta Htar Na (Sein Lei Lei)
- 07:09 Choral Dance (Three Duets)
- 07:18 Mote Sein Paung from Intaing Village
- 07:28 Discovering Tribes: Yin Net Tribe - Their Life and Customs
- 08:01 News
- 08:26 Three Beautiful Islands
- 08:46 Traditional Myanmar Theatrical Performance: Harmonious Performance of Myanmar Orchestra (Hsaing Waing)
- 09:01 The Art of Making Paper Toys
- 09:05 Pork - Tha Khut Curry
- 09:16 The Ornithologist: Dr. Thein Aung
- 09:47 Myanmar Childhood Games (Episode-1)
- 10:01 News

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ (OMG-အပိုင်း-၁)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ပဒုမ္မာကြာသက်နီး

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ကြက်သွန်ဖြူနှင့်ကျန်းမာရေး

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဝေလေ့ဆိုရိုးစကားများ (အပိုင်း-၂)

**ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သခင်ရေရှုအကြောင်း

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ဝေနိမြစ်ကမ်းနားကရွာသစ်ရွာကလေး

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲသလိန်းအင်တာဗျူး

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ချင်းရိုးရာ အမဲအူပြောင်းဖူးပြုတ်ချက်နည်း

**ချင်း (ချို) (၂၀:၀၀ မှ ၂၁:၀၀)**
တောင်သားတို့၏ဘဝအကြောင်း

**မွန် (၂၁:၀၀ မှ ၂၂:၀၀)**
ဝလေ့ရိုးရာလက်မှုပညာမွန်ရိုးရာလက်ရက်ကန်း (မွန်ဘာသာ)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်လူငယ်နှင့်စာပေအနုပညာပွဲတော် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၈:၃၀ အဖွင့်၊ အလံ
- ၀၈:၄၅ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်လူငယ်နှင့်စာပေအနုပညာပွဲတော် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၇)
- ၁၈:၀၀ Economic Review (အပိုင်း-၃၃)

**MRTV FARMERS' HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ အာဟာရကြွယ်ဝရောင်းပန်းလှကျန်းမာလှပ ဝင်ငွေရမြန်မာ့လိမ္မော်ရောက်မျိုးများရဲ့အလှ
- ၀၆:၂၅ ဝင်ငွေသေချာ ရွှေနေကြာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ A Little Thing Called Love 2010 (နိုင်ငံခြားဇာတ်လမ်း)
- ၁၉:၃၀ Kijukiro (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ ရွှေရောင်မျိုးဆက်သစ်များနှင့် တွေ့ဆုံခြင်း
- ၀၈:၄၅ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်လူငယ်နှင့်စာပေအနုပညာပွဲတော် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly Soccer Preview

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ကျောက်ဖြူ ဒေသခံ ၂၀ ကျော်ကို တပ်မတော်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း လူမှုကွန်ရက် စာမျက်နှာတွင် သတင်းတု သတင်းမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၉

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဂုံးချိန်တိုက်နယ်မှ ဒေသခံပြည်သူ ၂၀ ကျော်ကို တပ်မတော်က အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ ဖမ်းဆီးခေါ်ဆောင်ခံရသူ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၁ ဦး ဖြစ်ကြောင်း လူမှုကွန်ရက်များတွင် မဟုတ်မမှန် ကောလာဟလ သတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




**လုပ်ကြံရေးသားသည့် သတင်းမှားသာဖြစ်**

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းချက်အရ မှန်ကန်မှုမရှိကြောင်း၊ ကျောက်ဖြူမြို့နယ် ဂုံးချိန်တိုက်နယ်တွင် မည်သည့်လုံခြုံရေးအဖွဲ့များမှ လုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့ခြင်းမရှိကြောင်း၊ လုပ်ကြံရေးသားသည့် သတင်းမှားသာဖြစ်ကြောင်း ပြောကြားချက်အရ သိရှိရသည်။

အကြမ်းဖက်မှုအားပေးသည့် တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေကာ တပ်မတော်သားများနှင့် လုံခြုံရေးပူးပေါင်းအဖွဲ့များအပေါ် ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်တွင် မဟုတ်မမှန် သတင်းများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပခုက္ကူမြို့အခြေစိုက် အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်နှင့် အနောက်ဘုန်းကံရွာရှိ စခန်းတစ်ခုကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးဟု သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အခြေစိုက် အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်နှင့် အနောက်ဘုန်းကံရွာရှိ စခန်းတစ်ခုကို လက်နက်ကြီး အလုံး ၂၀၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးခဲ့သည်ဟု အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit မှ သတင်းတု သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များအရ အကြမ်းဖက်သောင်းကျန်းသူများမှ လက်လုပ်လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်မှုများကြောင့် ကျေးရွာများအနီးသို့ ကျရောက်ပေါက်ကွဲမှုများရှိခဲ့ကြောင်းနှင့် စစ်သည် ၁၀ ဦး သေဆုံးသည်ဆိုသည်မှာ သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စိတ်ဓာတ်ကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✻ ကျောဖုံးမှ

အဆိုပါ မိုင်းပေါက်ကွဲသည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ သွားရောက်ကာ နယ်မြေလုံခြုံရေးနှင့် မိုင်းရှင်းလင်းခြင်းများ ဆောင်ရွက်ခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများက လမ်းပိုင်းအား စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး အစုန်လမ်းအား ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ အမှတ်(၅) အဆန်လူစီးအမြန်ရထားသည် မြစ်သားဘူတာမှ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ဆက်လက်ထွက်ခွာနိုင်ခဲ့ကြောင်း၊ ဘူတာ၌ ရပ်တန့်ထားရမှုကြောင့် ရထားစီးခရီးသည်များ ခေတ္တအချိန်ကြန့်ကြာမှု ကြုံတွေ့ခဲ့ရကြောင်းနှင့် လမ်းပိုင်းပျက်စီးမှုကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ပြီး ရထားခရီးစဉ်များပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရှိရသည်။



ရထားလမ်း/တံတားပြန်လည်ပြုပြင်နေစဉ်။

အကြမ်းဖက် သမားများအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်မိုင်းခွဲခြင်း အကြိမ် ၁၃၀၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး ရထားဖြင့် ခရီးသွားလာမှု မပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့ကို ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်







ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း မင်းစုဘူတာနှင့် ကျောက်ဆည်ဘူတာကြား မိုင်တိုင်အမှတ် ၃၅၃/၃နှင့် ၄ အကြား၊ တံတားအမှတ် ၇၃၆ အနီး PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်း/တံတား ပျက်စီးမှု။

# သနပ်ပင်မြို့နယ်၌ ဆောင်းသီးနှံနှင့် နွေစပါးစိုက် တောင်သူများအား တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

သနပ်ပင် ဒီဇင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းသီးနှံနှင့် နွေစပါးစိုက်တောင်သူများအား တောင်သူပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ထာဝရမိဘမေတ္တာ စိုက်ပျိုးရေးသုံးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သနပ်ပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က အမှာစကားပြောကြားပြီး ထာဝရမိဘမေတ္တာ စိုက်ပျိုးရေးသုံးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း မန်နေးဂျင်း ဒါရိုက်တာ ဦးအောင်ရွှေက စိုက်ပျိုးရေးသုံးသွင်းအားစုပစ္စည်းများ ဖြန့်ဖြူးပေးမည့် အစီအစဉ်ကို ရှင်းလင်းတင်ပြကာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက သီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက် ပြည့်မီရေးနှင့် ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေး ရှင်းလင်းပြောကြားသည်။ အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲသို့ သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၀ မှ တောင်သူ ၁၂၀၀ ကျော် တက်ရောက်ကြပြီး သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)



# ကျုံပျော်မြို့နယ် လယ်တီချောင်-ဆိပ်ကြီး-အုန်းပင်စုလမ်း ကွင်းဆင်းစစ်ဆေး

ကျုံပျော် ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၃၇ သန်းဖြင့် ဆောင်ရွက်သည့် လယ်တီချောင်-ဆိပ်ကြီး-အုန်းပင်စုလမ်းကို တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်း (၁/၁ မိုင် x ၁၂ ပေ x ၆ လက်မ) ခွဲကျောက်အမာခံ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်းက လိုက်လံကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့သည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ငါးရွာရှိ အိမ်ခြေ ၁၂၇၁ အိမ်၊ လူဦးရေ ၅၃၁၂ ဦးတို့၏ လူမှုစီးပွားဘဝများကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေနှင့် လိုက်လျောညီထွေနေထိုင်တတ်စေရန် ဆက်စပ်ဌာနများ ပူးပေါင်းသုတေသနပြု ဆောင်ရွက်လျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများ၊ သဘာဝဘေးနှင့် ပတ်သက်၍ ကြိုတင်ဆောင်ရွက်သင့်သည့် အခြေအနေများနှင့် ပြည်သူလူထုအနေဖြင့် အနာဂတ်ရာသီဥတုအခြေအနေနှင့် လိုက်လျောညီထွေ နေထိုင်သွားနိုင်စေရန်အတွက် ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ သုတေသနပြုဆောင်ရွက်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ-မန္တလေး)ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

**ဆွေးနွေးမှုများပြုလုပ်**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နိုင်ငံတကာမိုးလေဝသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအရ ရရှိလာသည့် အနာဂတ်ရာသီဥတုအခြေအနေများကို တိုင်းဒေသကြီးအတွင်း ပြန်လည်အသုံးချနိုင်ရန်အတွက် ဒီဇင်ဘာ ၁၉ ရက်က မန္တလေးမြို့တွင် Climate Forum ကျင်းပကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

"အနာဂတ်ရာသီဥတု အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ကိုယ့်ရဲ့လုပ်ငန်းဌာနစီမံကိန်းတွေမှာ ဘယ်လိုဆောင်ရွက်ကြမလဲနဲ့ ရာသီဥတုသတင်းအချက်အလက်တွေကို မျှဝေအသုံးပြုပြီး အရေးပေါ်ကယ်ဆယ်ရေး၊ သဘာဝဘေးစီမံခန့်ခွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စတဲ့အဖွဲ့အစည်းတွေကနေ ထွက်ပေါ်လာမယ့် အကြံပြုစကားတွေကို စုစည်းပြီး သုတေသန ပြုလုပ်နေပါတယ်" ဟု ၎င်းကပြောသည်။

ယခုနှစ်ပိုင်းအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရာသီဥတုလွန်ကဲမှုအခြေအနေများ ပိုမိုသိသာထင်ရှားလာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း၌လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်း လေ့လာတွေ့ရှိချက်များအရ အပူလွန်ကဲမှုဖြစ်စဉ်များ၊ မိုးခေါင်မှုဖြစ်စဉ်များနှင့် ပြင်ဦးလွင်တွင် စံချိန်တင်မိုးရွာသွန်းမှုဖြစ်စဉ်များစသည့်မိုးလေဝသလွန်ကဲမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန္တလာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာမာလာယုအောင်က "ကျွန်မတို့နိုင်ငံမှာ ရာသီဥတုနဲ့ပတ်သက်ပြီး ပြောင်းလဲမှုတွေ အများကြီးဖြစ်ပေါ်နေပါတယ်။ ဒီလိုပြောင်းလဲမှုတွေကို ဌာနအဖွဲ့အစည်းအလိုက် ဆွေးနွေးသုံးသပ်ပြီး ရလဒ်ကောင်းတစ်ခု ထွက်ပေါ်လာအောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကျွန်မတို့တက္ကသိုလ်တွေအနေနဲ့က နဂိုကတည်းက မိုးဇလရဲ့အခန်းကဏ္ဍဟာ အလွန်အရေးပါတယ်ဆိုတာ သိရှိထားတော့ မိုးလေဝသနဲ့ပတ်သက်ပြီး သုတေသနစာတမ်းတွေ ရေးရပါတယ်။ ရာသီဥတုနဲ့ပတ်သက်တဲ့ သုတေသနတွေကို မျှဝေပေးခြင်းဖြစ်ပါတယ်။ ဒီလိုဆွေးနွေးပွဲတွေကတစ်ဆင့် နိုင်ငံရဲ့လူမှုစီးပွားရေးတွေ တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

မိုးလေဝသဆိုင်ရာ ဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ယနေ့တွင် Mandalay Climate Forum ကျင်းပကာ အဆိုပါ ဆက်စပ်အဖွဲ့အစည်းများအလိုက် သုတေသနပြု ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင်လည်း ပြောင်းလဲလာသည့် ရာသီဥတုနှင့်ပတ်သက်သော သင်တန်းများ ပို့ချပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မူးယစ်ဆေးဖြတ်ပြီးသူများ ဆေးပြန်လည်မသုံးမိစေရန်နှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ပြန်လည်တိုးတက်ကောင်းမွန်စေရန် ဖွင့်လှစ်သင်ကြားခဲ့သည့် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလှိုင်က သင်တန်းဖွင့်လှစ်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က နောက်ဆက်တွဲစောင့်ရှောက်မှုအခန်းကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ ရက် ၉၀ ကြာ ဖွင့်လှစ်၍ ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်ရေးကုထုံး၊ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ရေးကုထုံးနှင့် အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးကုထုံးများကို ခေတ်စနစ်နှင့်လျော်ညီသော နည်းပညာများ၊ မှန်ကန်သောနည်းစနစ်များဖြင့် သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ကိုထက်**

❍ MNL-2 မှ

Rainbow အသင်းအတွက် ဂိုးများကို ၂ မိနစ်တွင် ဝေယံစိုး၊ ၁၀၊ ၄၉၊ ၇၀ မိနစ်တွင် ဝေယံဦး၊ ၈၃ မိနစ်တွင် ချစ်သူမောင်တို့က သွင်းယူပြီး Rangers အသင်းအတွက် ချေပဂိုးများကို ၁၂ မိနစ်တွင် ဝင်းထက်ကိုကို ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် ပထမဂိုးနှင့် ၂၆ မိနစ်တွင် ရဲကျော်ခန့်တို့က သွင်းယူခဲ့သည်။

ယခုပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု(က)တွင် TKG Hmawbi အသင်း၊ Burmese Bees အသင်း၊ Rangers အသင်း Rainbow အသင်း၊ အုပ်စု (ခ) တွင် GOA Hmawbi အသင်း၊ Yangon Galaxy အသင်း၊ Takero Strike အသင်းနှင့် Passion အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုအဆင့်ပွဲစဉ်များကို M-3 မြက်ခင်းတုကွင်း၌လည်းကောင်း၊ ဗိုလ်လုပွဲစဉ်အား သုဝဏ္ဏကွင်း၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဗိုလ်လုပွဲရောက်သည့်နှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်ပြီး MNL-2 သို့ တန်းတက်ခွင့်ရမည်ဖြစ်သည်။

ပြိုင်ပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီခွဲတွင် Passion အသင်းနှင့် GOA Hmawbi အသင်း၊ မွန်းလွဲ ၃ နာရီခွဲတွင် Takero Strike အသင်းနှင့် Yangon Galaxy အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၇၅ | ၂၅၇၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၀ | ၂၇၆၀ | ၂၉၀၀ |
| 95 Ron | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၀ | ၂၅၉၀ | ၂၆၁၅ | ၂၆၀၀ | ၂၅၇၅ | ၂၆၇၅ | ၂၆၉၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၆၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၇ | ၂၄၀၇ |
| 95 Ron | ၂၄၂၄ | ၂၅၀၆ |
| HSD (500 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (50 ppm) | ၂၁၂၉ | ၂၂၀၁ |
| HSD (10 ppm) | ၂၁၃၃ | ၂၂၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြစ်ကြီးနားမြို့နယ် ဇွဲမာန် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း နွားများ စနစ်တကျ မွေးမြူထားရှိ

**မြစ်ကြီးနား ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရွှေအိုက်ရပ်ကွက်ရှိ ဇွဲမာန် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပုံပိုးငွေရယူ၍ မွေးမြူရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ဒေသနွားထီး ငါးကောင်နှင့် နွားမ ၂၄ ကောင် စုစုပေါင်း နွား ၂၉ ကောင်အား စနစ်တကျ မွေးမြူထားရှိသည်။

**ပေါင်းစပ်ဆောင်ရွက်လျက်ရှိ**

နွားစာအဖြစ် တီကူယမ်မြက် ၁ ဒသမ ၅ ဧကအား စိုက်ပျိုးထားရှိပြီး နွားများကို ကောက်ရိုး၊ ပဲဖတ်၊ မြက်စို၊ တီကူယမ်မြက်နှင့် အစာခြောက်တို့အား ရော၍ တစ်ရက်လျှင် သုံးကြိမ်နှုန်းဖြင့် အစာကျွေးမွေးလျက်ရှိကာ နွားများ၏ ကျန်းမာရေးဆောင်ရွက်မှုအနေဖြင့် လိုအပ်သည့် ဆေးဝါးကုသမှုများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး



ဟားခါး ဒီဇင်ဘာ ၁၉

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့နှင့်အတူ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ကျောဘုတ်ရပ်ကွက် ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကျောဘုတ်ဥယျာဉ်ရှိ ချင်းပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ထိုသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုအားပေးရာတွင် ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက အယ်လ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေးထိခိုက်မှုမရှိဘဲ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စပါးမျိုးစုံ၊ အစေ့ထုတ်ပြောင်း စသည့်မျိုးစေ့များ စုဆောင်းထားရှိမှုအခြေအနေ လာမည့် ၂၀၂၄–၂၀၂၅ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် နှစ်ရှည်ပင်များဖြစ်သော ဝဥ၊ စပျစ်၊ လိမ္မော်၊ ထောပတ်၊ ကော်ဖီပင်များ ပျိုးထောင်ထားရှိမှုအခြေအနေ၊ ချင်းပြည်နယ်အတွင်း ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးအတွက် ခေတ်မီတောင်စောင်းစနစ် စိုက်ပျိုးထားရှိမှုအခြေအနေ၊ ၂၀၂၁–၂၀၂၂ ခုနှစ်မှ စတင်၍ ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ စပါး၊ ဂျုံ၊ အစေ့ထုတ်ပြောင်း၊ လူး၊ ဆပ်၊ ပဲပုပ်၊ ပဲလွမ်းစသည့် သီးနှံမျိုးများ ဒေသနှင့် ကိုက်ညီမှုရှိ၊ မရှိ စမ်းသပ်စိုက်ပျိုးထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဆက်လက်အကောင်အထည်ဖော်လိုသည့် အစီအမံများကို တင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများအတွက် ပြည်နယ်ဝန်ကြီးချုပ်က ခရစ္စမတ်လက်ဆောင်အဖြစ် ငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်( ပြန်/ဆက် )

## သားဖွားသင်တန်းကျောင်း (မန္တလေး)၏ ဘက်စုံသားဖွားဒီပလိုမာသင်တန်းသူများအား အလုပ်ခန့်အပ်လွှာပေးအပ်ခြင်းနှင့် အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ




မန္တလေး ဒီဇင်ဘာ ၁၉

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သားဖွားသင်တန်းကျောင်း(မန္တလေး)၏ ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ် သင်တန်းသူများအား အလုပ်ခန့်အပ်လွှာပေးအပ်ခြင်းနှင့် အောင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါ သားဖွားသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးသေဆုံးမှုနှုန်း လျှော့ချနိုင်ရေး ပဏာမကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားကျန်းမာရေး ဝန်ထမ်းများနှင့်အတူ သားဖွားဆရာမများမှာ အဓိကကျပြီး မရှိမဖြစ်အရေးပါသူများ ဖြစ်ပါကြောင်း၊ ယခု သင်ယူတတ်မြောက်ထားသည်ထက် ခေတ်နှင့်အညီ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်အောင် ကျွမ်းကျင်သည့် ဘက်စုံသားဖွားဆရာမများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**အလုပ်ခန့်အပ်လွှာများ ပေးအပ်**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ` အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်း ပြီးဆုံးအောင်မြင်ခဲ့ကြသည့် သင်တန်းသူများအား အလုပ်ခန့်အပ်လွှာများ ပေးအပ်ခဲ့သည်။

ယင်းနောက် သားဖွားသင်တန်းကျောင်း(မန္တလေး)မှ ကျောင်းအုပ်ဆရာမကြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုမြင့်က သားဖွား သင်တန်းကျောင်း (မန္တလေး)နှင့်ပတ်သက်၍ လည်းကောင်း၊ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းသူများနှင့် ဆရာ ဆရာမများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးခဲ့ကြသည်။

နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန် သားဖွား သင်တန်းကျောင်း (မန္တလေး)အနေဖြင့် ဘက်စုံသားဖွားဆရာမများကို နှစ်စဉ်တိုးမြှင့် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ ယနေ့အထိ ဘက်စုံသားဖွားဆရာမ ၃၆၁၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အကြိမ် (၃၀) မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ( ဘုရင့်နောင်ကုန်စည်ဒိုင်) အကြိမ် (၃၀) မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက်တွင် မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) ဝင်များ တက်ရောက်ကြသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်က ဘုရင့်နောင်ကုန်စည်ဒိုင်သည် တစ်နိုင်ငံလုံးမှထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းအများစုကို ဘုရင့်နောင်ကုန်စည်ဒိုင်တွင် လက်ကားရောင်းဝယ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သည် ကုန်စည်စီးဆင်းရေးတွင် အဓိကနေရာမှ တာဝန်ယူဆောင်ရွက်နေသည့် အသင်းတစ်ခု၊ ကုန်စည်ဒိုင်တစ်ခုဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများကို အဓိကထားရောင်းဝယ်ရာတွင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူ လယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုရှေးရှုကာ ရောင်းဝယ်ကြရန်မေတ္တာရပ်ခံလိုကြောင်း၊ တောင်သူလယ်သမားများ ဆင်းရဲနွမ်းပါးမှုလျော့နည်းလာပြီး တိုင်းပြည်တိုးတက်ကြီးပွားလာမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်မှသာလျှင် ကုန်ဈေးနှုန်းတည်ငြိမ်ကာ ထိုက်သင့်သောဈေးနှုန်းရရှိမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု မှန်ကန်အောင် အထူးဝါယမစိုက်ထုတ်လုပ်ဆောင်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်က နိဂုံးချုပ်စကားပြောကြားသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သည် ကုန်စည်ဒိုင်များအနက် သက်တမ်းအရှည်ကြာဆုံးနှင့် ရောင်းဝယ်ဖောက်ကားမှုအများဆုံး ကုန်စည်ဒိုင်တစ်ခုဖြစ်ပြီး အသင်းသားဦးရေ ၄၄၀၉ ဦးရှိသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အသင်းသားအသင်းသူများ ပဲမျိုးစုံကို ကြိုရောင်းကြိုဝယ်ပြုလုပ်ရာတွင် အာမခံငွေများဖြင့် စာချုပ်ချုပ်ဆိုရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**



## ယာယီတိုက်ပွဲရှောင်ဒေသအသီးသီးမှ ကျောင်းသား ကျောင်းသူများ IBEC ကျောင်းတွင် ပညာသင်ကြားနိုင်ကြောင်း ဖိတ်ခေါ်ထားရာ ဆက်သွယ်မှုများပြား

ရန်ကုန် ဒီဇင်ဘာ ၁၉

ကောလင်းဒေသနှင့် ထီးချိုင့်ဒေသအပါအဝင် ယာယီတိုက်ပွဲရှောင်ဒေသအသီးသီးမှ ပညာသင်ယူခွင့်ဆုံးရှုံးလျက်ရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် International Buddhist Education Centre (IBEC) ကျောင်းတွင် ပညာသင်ကြားနိုင်ကြောင်း ဖိတ်ခေါ်ထားရာ ဆက်သွယ်မှုများပြားကြောင်း အဆိုပါကျောင်းမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ အဆိုပါကျောင်းကို အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်သောဘိတက တည်ထောင်ထားခြင်းဖြစ်ပြီး အဆိုပါ ပညာရေးအထူးအစီအစဉ်ကို ခရိုင်ပညာရေးမှူး၏ ထောက်ခံခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

IBEC ဆရာတော်က ကျောင်းအပ်လက်ခံခြင်းနှင့်ပတ်သက်၍ IBEC ပညာရေးဘုတ်အဖွဲ့အား လမ်းညွှန်ထားရာတွင် တတ်နိုင်သမျှနည်းလမ်းများဖြင့် ကူညီပေးရန်၊ ကလေးများပညာသင်ယူခွင့် မဆုံးရှုံးစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ အဆိုပါ ဒေသမှ ကလေးများသည် ပညာရေးတစ်ပိုင်းတစ်စဖြစ်ကြပြီး ဆက်လက်ပညာသင်ယူရန်အတွက် အမှန်တကယ် အခက်အခဲဖြစ်နေကြသည်ကို ကြားသိရသည့်အတွက် မည်ကဲ့သို့ လက်ခံဆောင်ရွက်ပေးနိုင်သည်ကို သေချာရှင်းပြ၍ IBEC ကျောင်းတွင် ဆက်လက်ပညာသင်ယူစေရန်၊ လာရောက်ဆက်သွယ်မှု များပြားသည့်အတွက် ကျောင်းအပ်လက်ခံခြင်းများကို စနစ်တကျစီစဉ်ကာ ပညာရေးမူဝါဒများနှင့်အညီ လက်ခံနိုင်ရေး ဆောင်ရွက်ရန်၊ ကလေးငယ်များ ပညာသင်ယူခွင့်မဆုံးရှုံးစေရေး အလွန်အရေးကြီးသည့်အတွက် အဆိုပါအချက်ကို အဓိကထား ဦးစားပေးဆောင်ရွက်ရန် ပါဝင်ကြောင်း သိရသည်။

**သစ်တော်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၃-၁၂-၂၀၂၃ ရက်မှအဆက်

တကယ်တော့လည်း မတ်အဘိဓမ္မာရေးရာများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဖြင့် ဆွေးနွေးဖော်ဆွေးနွေးဖက်မှာ ခင်သန်းငွေအဖို့ ကိုအေးဆွေတစ်ယောက်သာ ရှိသည်မဟုတ်ပါလား။

မြေရှင်၊ ယာရှင်၊ အရင်းရှင်၊ လူ့ဘောင်ခေတ်ဟောင်းမှသည် ဆိုရှယ်လစ်လူ့ဘောင်သစ်သို့ တော်လှန်ပြောင်းလဲနေသောကာလမျိုးတွင် ခံယူချက်ချင်းတူသူ ခင်သန်းငွေနှင့် ကိုအေးဆွေတို့သည် စနစ်တစ်ခုကို တော်လှန်တိုက်ခိုက်သည့် ရဲဘော်ရဲဘက်များအနေဖြင့် ကူးလူးဆက်ဆံ သွားလာဝင်ထွက်နေကြသော်လည်း ကြာလာသောအခါ ပတ်ဝန်းကျင်အမြင်တွင်မူ အထင်မှား အမြင်မှား ဖြစ်လာစရာအကြောင်း ရှိလာတော့သည်။

အမှန်ကလည်း တိုင်းပြည်နှင့်အဝန်း ကိုလိုနီခေတ်ဟောင်းက အတွေးအခေါ်များ ရွေ့လျားပျက်ပြုန်းဆုတ်ယုတ်စပြုနေပြီဖြစ်သော်လည်း ဤဒေသရှိ အချို့အချို့သော မြေရှင်၊ ယာရှင်၊ ထန်းပိုင်ရှင် လူတန်းစားတို့၏ အတွေးအခေါ်များမှာကား မပြောင်းလဲသေးပေ။ ဤအထဲတွင် ခင်သန်းငွေ၏ မိဘများနှင့် ဆွေမျိုးအသိုင်းအဝိုင်းများလည်း ပါဝင်လေသည်။

ထို့ကြောင့်လည်း ၎င်းတို့အသိုင်းအဝိုင်းမှ ပေါက်ဖွားလာသူ တက္ကသိုလ်မှ ဒီဂရီရလာသည့် ခေတ်ပညာတတ်မကလေး ခင်သန်းငွေကို ကိုအေးဆွေလို ထန်းတောထဲမှ လူတစ်ယောက်နှင့် နီးစပ်သွားမည်ကိုတော့ နည်းနည်းကလေးမျှ လက်မခံနိုင်ပေ။ ၎င်းတို့အမြင်တွင် ကိုအေးဆွေအား နိမ့်ကျနွမ်းပါးသည့် ထန်းတက်သမား၏သားဟူသော လူတန်းစားအစွဲ အသိအမြင်ဖြင့်သာ မြင်နေကြချေသည်။

အမှန်မှာ ခင်သန်းငွေ၏မိဘများနှင့် အသိုင်းအဝိုင်းက ဤကဲ့သို့ နိမ့်ချသောအသွင်ဖြင့် မြင်နေသည်မှာ တကယ်တော့လည်း မဆန်းလှပေ။ ၎င်းတို့ ထန်းပိုင်ရှင်လူတန်းစားများ၏ အချောင်စားလိုသော ခေါင်းပုံဖြတ်နေသည့် ထန်းပိုင်ရှင်စနစ်ကြီးကို ပြင်းပြင်းထန်ထန်ကြီး တော်လှန်လိုက်သူမှာ ကိုအေးဆွေပင် မဟုတ်ပါလား။ ဒါကပင်လျှင် ၎င်းတို့ လူတန်းစားတစ်ရပ်လုံးက ကိုအေးဆွေကို မုန်းတီးစရာ ရန်သူတစ်ယောက်အဖြစ်သို့ တွန်းပို့နေလေသည်။

သို့ရာတွင် ၎င်းတို့အသိုင်းအဝိုင်းမှ ဆန့်ကျင်၍ ထွန်းပေါက်လာသူ ခင်သန်းငွေနှင့် နယ်လူထုကမူ ထန်းသမားလူတန်းစားတို့၏ဘဝကို မြှင့်တင်ပေးနေသူ၊ ထန်းကျွန်ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းကြံဆောင်ပေးနေသူ၊ ဆိုရှယ်လစ်လူ့ဘောင်သစ်သို့ သူ့နည်းသူ့ဟန်ဖြင့် တော်လှန်ပြောင်းလဲနေသူ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး၏ ခေါင်းဆောင်တစ်ယောက်အနေဖြင့် မြင်နေကြသည်၊ လေးစားနေကြသည် ဆိုသည်ကိုကား ထိုပဒေသရာဇ်စိတ်မကုန်သေးသော မြေရှင်၊ ယာရှင်၊ ထန်းပိုင်ရှင်လူတန်းစားတို့က ဘယ်လိုမှ ဟန့်တား၍မရနိုင်ပေ။

ထိုကဲ့သို့ ကိုအေးဆွေက ဆန်းသစ်သော အတွေးအခေါ်၊ တိုးတက်သောအယူအဆတို့ဖြင့် စနစ်ဟောင်းကိုချေမှုန်း၍ စနစ်သစ်ကို တည်ထောင်ဖန်တီးနေသူ ဖြစ်လင့်ကစား ခင်သန်းငွေမိဘနှင့် ၎င်းတို့ အသိုင်းအဝိုင်းကမူ သူ့အား မည်သို့မျှ အထင်မကြီးနိုင်သည့်ပြင် အန္တရာယ်ကောင်အဖြစ်ဖြင့် ထပ်၍ မြင်လာချေပြန်တော့သည်။

ပထမအကြိမ်ကမူ ၎င်းတို့၏စီးပွားရေးသွေးကြောကို ဖြတ်တောက်ခဲ့သူ၊ တိုက်ခိုက်ခဲ့သူ၊ ယခုလည်း တိုက်ဆဲခိုက်ဆဲ ရှိနေသူ။ ယခုတော့မူ ဒါတွင်မကတော့ပေ။ ၎င်းတို့ လူမှုဆက်ဆံရေး လူနေမှုစနစ်ကိုပါ ထိုးဖောက်စော်ကားလာသူဟု မြင်လာကြပြန်သည်။ အကြောင်းဆိုသော် ၎င်းတို့အသိုင်းအဝိုင်းမှ ခင်သန်းငွေလို အမျိုးသမီးတစ်ယောက်ကို ထိုးဖောက်စည်းရုံး၍ ဆွဲထုတ်သွားတော့မည်ဟု ယူဆထင်မြင်လာသောကြောင့်ပါတည်း။

ထို့ကြောင့်လည်း ဦးမြမောင်၊ ဒေါ်လှတင်တို့သည် ၎င်းတို့၏သမီးပျိုအတွက် ကြီးစွာသော ထိတ်လန့်ခြင်းဖြင့် အချိန်မီ အဟန့်အတားများ စီမံလာကြတော့သည်။

သည်ကဲ့သို့ မိဘလုပ်သူများနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကပါ မိမိ၏အိမ်ထောင်ရေးကို ချုပ်ကိုင်ခြယ်လှယ်လာကြောင်း တွေ့လာရသောအခါ ခင်သန်းငွေမှာ ဘေးကျပ်နံကျပ်နှင့် ရင်ဆိုင်လာရတော့သည်။

တစ်ဖက်တွင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် တကွ မိဘများကိုယ်တိုင်ကပင် သဘောကျနှစ်ခြိုက်နေသောသူ။ သို့သော် မိမိအနေဖြင့်မူ ဘယ်လိုမှ ချစ်၍မရလေသူ။ ဘဝခံယူချက်ချင်း၊ အသွင်ဓလေ့ချင်း မိုးနှင့်မြေလိုကွာခြားသူ။

သည်မှာတစ်ဖက်တွင်မူ မိဘများအနေဖြင့် ဘယ်လိုမှ သဘောမတူလေသူ။ ၎င်းတို့အသိုင်းအဝိုင်းနှင့် ဘယ်လိုမှ ဆက်စပ်မရသူ။ သို့စေကြားလည်း မိမိအနေဖြင့်မူ ဘဝယုံကြည်ချက်ချင်း၊ ဝါသနာချင်း တူညီသည့်ပြင် ဘဝခရီးကို ဒိုးတူပေါင်ဖက် ဘဝကြင်ဖော်အဖြစ်နှင့် သွားရမည်ဆိုလျှင် နှလုံးသားချင်းပေါင်းစပ်၍သွားမည်ဆိုပါက သွားနိုင်မည့်သူ။

ဘဝ၏ ခရီးလမ်းအဆုံးသို့ရောက်နေပြီဖြစ်သော ခင်သန်းငွေသည် အထက်ပါကဲ့သို့ ဘေးကျပ်နံကျပ်ဘဝမျိုးဖြင့် ရင်ဆိုင်လာရသောအခါ နေ့လယ်ခင်းက ကိုအေးဆွေ ရင်ဖွင့်ပြသွားသည့်စကားများကို အလိုအလျောက် အမှတ်ရလာသည်။

"တကယ်တော့ ကျွန်တော်ဟာ ငွေငွေရဲ့ချစ်သူတစ်ယောက်သာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ လက်ထပ်နိုင်မယ့် ဘဝကြင်ဖော်တစ်ယောက်တော့ မဖြစ်နိုင်ပါဘူး။ ဘာ့ကြောင့်ဆိုရင် ကျွန်တော့်ကို ငွေငွေရဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက လက်ခံမယ် မဟုတ်ပါဘူး။ ငွေငွေက ကျွန်တော့်ကို လက်ထပ်တာနဲ့တစ်ပြိုင်နက် ငွေငွေကို ငွေငွေတို့ပတ်ဝန်းကျင်တစ်ခုလုံးက အပြစ်တင်ရှုတ်ချဝိုင်းပယ်ကြမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါဘူး"

"အင်း၊ ခုတော့ ကိုအေးဆွေပြောသလို ဟုတ်၍နေပြီကော ကိုအေးဆွေရေ"

"ကျွန်တော်ကလည်း ငွေငွေရဲ့ သာယာချမ်းမြေ့နေတဲ့ဘဝကို မဖျက်ဆီးချင်ပါဘူး။ နှစ်မြုပ်မပစ်ချင်ပါဘူး။ ကျွန်တော်ချစ်နေရရင် ကျေနပ်ပါပြီ။ ကျွန်တော့်အချစ်ကို ငွေငွေက လက်ခံရင် ကြည်နူးနေနိုင်ပါပြီ"

ဤစကားများကို ဆက်၍ ကြားယောင်လာသောအခါတွင်မူ ခင်သန်းငွေ၏ရင်သည် နင့်၍လာသည်။ နှလုံးသားများမှာလည်း နာကျင်လာသည်။ သူ့ဘဝအတွက်လည်း ရင်ထုမနာ ဖြစ်လာသည်။ မိမိအပေါ်ထားရှိသော သူ၏ မေတ္တာစစ်မေတ္တာမွန်ကိုလည်း နားလည်လာသည်။ ထိုနောက်တော့ ရင်သည် ဆို့လာကာ မျက်ရည်များသည် ပါးပြင်တစ်လျှောက်ဝယ် တားမနိုင် ဆီးမရ စီးကျလာတော့သည်။

"မတူညီတာကို တူညီအောင်ညှိမနေချင်တော့ပါဘူး။ မတူညီတာကိုတူညီအောင်ညှိနေရင် တစ်နေ့..."

အနားတွင်ကပ်၍ပြောလိုက်သလို ထပ်၍ကြားယောင်လာသော ကိုအေးဆွေ၏စကားများကို ခင်သန်းငွေက အတင်းဖြတ်ပစ်လိုက်သည်။

သို့သော် ဒေါ်လှတင်၏ တစ်ချက်လွှတ်ကြိမ်းမောင်းသံက တစ်ဖန် စူးစူးဝါးဝါးဝင်လာပြန်သည်။

"အေး တို့ကတော့ ညည်းကောင်းစားစေချင်လို့ အထက်ကိုတွန်းပို့တာ။ ညည်းက အထက်ကို မသွားချင်ဘူး၊ အောက်ကို ခုန်ဆင်းချင်တယ်ဆိုရင်တော့ ညည်းထိုက်နဲ့ ညည်းကံပဲ။ တို့နဲ့ တစ်ခါတည်း သေခန်းပြတ်"

ခင်သန်းငွေက သူ့နားနှစ်ဖက်ကို အတင်းပိတ်ပစ်လိုက်သည်။

ဩော်၊ ယခုတော့ ခင်သန်းငွေ၏ဘဝသည် ဘဝခရီး၏ လမ်းဆုံလမ်းခွသို့ ရောက်၍နေပါပြီကော။

[ ၄၃ ]

စက်ဘီးဖြင့်လာနေသော ကိုအေးဆွေသည် ကျောက်ပန်းတောင်း ပြည်သူ့ရဲတပ်ဖွဲ့စခန်း (ရဲဌာန) ရှေ့သို့အရောက် လက်ခုပ်တီး၍ သူ့နာမည်အား ခေါ်သံကြားလိုက်သဖြင့် အသံလာရာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းဝင်းထဲဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ လက်ယပ်ပြ၍ခေါ်နေသော လှကြည်ကို တွေ့ရသည်။

"အင်း ဘာကိစ္စရှိလို့ခေါ်ပါလိမ့်" ဟု တွေးတောမိရင်း ကိုအေးဆွေသည် လှကြည်ထံသို့ ဝင်ရောက်သွားလေသည်။

လှကြည်သည် ကိုအေးဆွေကို ပြည်သူ့ရဲတပ်ဖွဲ့စခန်းဝင်းတွင်းရှိ သူ့အိမ်သို့ ခေါ်သွားသည်။ လှကြည်မှာ ယခုထိ အိမ်ထောင်မပြုသေးပေ။ အလုပ်တာဝန်ရှိသောအချိန်များမှအပ ကျန်အချိန်များတွင် အပေါင်းအသင်းများနှင့် ပျော်ပါးနေလေ့ရှိသည်။ အိမ်ထောင်မရှိသော လူပျိုအိမ်ပီပီ သူ့အိမ်မှာ လွတ်လွတ်လပ်လပ်ရှိလှသည်။ ထမင်းစားရုံသာ အရပ်ထဲရှိ သူ့မိဘများအိမ်သို့ ပြန်စားလေ့ရှိသည်။

"မင်း ခင်သန်းငွေအကြောင်း ကြားပြီးပလား"

"ဟေ"

လှကြည်က ရောက်မဆိုက် ဆီးပြောလိုက်သည်။ ခင်သန်းငွေအကြောင်းဆို၍လည်း ကိုအေးဆွေ ရင်ထဲတွင် ဒိတ်ခနဲတုန်သွားသည်။

ဘယ်လိုအကြောင်းများပါလိမ့်။ ဤသို့ အောက်မေ့ရင်း ကိုအေးဆွေသည် လှကြည်၏မျက်နှာကိုလည်း စူးစိုက်၍ကြည့်ကာ အကဲခတ်လိုက်မိ၏။ လှကြည်၏မျက်နှာမှာ တည်ကြည်လေးနက်လှသည်။

"ဘယ်၊ ဘယ်၊ ဘယ်လို အကြောင်းလဲကွ။ မင်းဥစ္စာက အရင်းမပါ အဖျားမပါနဲ့၊ ဆိုစမ်းပါဦး"

လှကြည်သည် ပြောသင့် မပြောသင့် ချိန်ဆနေပုံရသည်။ တော်တော်နှင့် မပြောပေ။ ထိုအခါ ကိုအေးဆွေ၏ရင်သည် ပို၍လျင်မြန်စွာဖြင့် တထိတ်ထိတ် ခုန်၍လာသည်။ အလွန်လည်း သိချင်လာသည်။ ဧကန္တ တစ်ခုခုတော့ တစ်ခုခုဖြစ်ပေမည်။

"ဆိုလေကွာ၊ ဘာပဲဖြစ်ဖြစ်ပေါ့။ မင်း ကြားရတဲ့ သတင်းကို"

လှုပ်ရှားနေသော ကိုယ့်စိတ်ကို ထိန်း၍ လှကြည်အား ပြောရန်သာ တိုက်တွန်းလိုက်ရသည်။ တကယ်တော့လည်း ကိုအေးဆွေမှာ ရင်ထိတ်ရမည့် သတင်းစကားမျိုးကိုကား မကြားလိုလှပေ။ လှကြည် ခဏခဏပြောနေသော စကားအတိုင်း မဖြစ်ပါစေနှင့်ဟုလည်း ဆုတောင်းမိသည်။

"ခင်သန်းငွေကို ကြိုက်သူ၊ ချစ်သူတွေက ဝိုင်းဝိုင်းလည်နေတာကွ။ ဒီအထဲမှာ မြို့ပိုင် ဦးဝင်းအောင်ဟာ အကဲဆုံး။ ခင်သန်းငွေမိဘတွေကလည်း ဦးဝင်းအောင်ဆိုရင် မျက်နှာသာအပေးဆုံး အလိုလားဆုံး ဖြစ်နေတာကွ။ အဲ အဲ၊ အမုန်းဆုံးကတော့ မင်းကိုပဲ"

"အို၊ ဒါတွေနှင့် ဘာဆိုင်သနည်း" ဟု ကိုအေးဆွေက ဖျတ်ခနဲဝင်လာသော ထိုအတွေးများကို အတင်းမောင်းနှင်ထုတ်ပစ်လိုက်သည်။ သို့တစေလည်း ရုတ်ခြည်းဆိုသလို နောက်ထပ် စဉ်းစားစရာတစ်ခုက ခေါင်းထဲသို့ ပြေးဝင်လာပြန်သည်။

ဆက်လက်ဖော်ပြပါမည်။

"ဘဝ၏ ခရီးလမ်းအဆုံးသို့ရောက်နေပြီဖြစ်သော ခင်သန်းငွေသည် အထက်ပါကဲ့သို့ ဘေးကျပ်နံကျပ်ဘဝမျိုးဖြင့် ရင်ဆိုင်လာရသောအခါ နေ့လယ်ခင်းက ကိုအေးဆွေရင်ဖွင့်ပြသွားသည့်စကားများကို အလိုအလျောက် အမှတ်ရလာသည်။

"တကယ်တော့ ကျွန်တော်ဟာ ငွေငွေရဲ့ချစ်သူတစ်ယောက်သာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ လက်ထပ်နိုင်မယ့် ဘဝကြင်ဖော်တစ်ယောက်တော့ မဖြစ်နိုင်ပါဘူး။ ဘာ့ကြောင့်ဆိုရင် ကျွန်တော့်ကို ငွေငွေရဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက လက်ခံမယ်မဟုတ်ပါဘူး။ ငွေငွေက ကျွန်တော့်ကို လက်ထပ်တာနဲ့တစ်ပြိုင်နက်. . ."

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

## ရွှေပညာဒါန(အခမဲ့) သင်တန်းတက်ရောက်ရန်ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းမှ (၃၀) ကြိမ်မြောက် ရွှေပညာဒါန (အခမဲ့) အသိပညာပေး ရွှေသင်တန်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းအမှတ်စဉ် (၁၁)တို့အား ဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် သင်တန်းတက်ရောက်ခွင့်ပုံစံကို (အခမဲ့) တောင်းယူဖြည့်စွက်ပြီး ဓာတ်ပုံ (၃)ပုံနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ အသေးစိတ်သိရှိလိုပါက 09-450049282 / 09-251992727 သို့ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်အစီအစဉ်**

ကျင်းပမည့်ရက် – ၁-၁-၂၀၂၄ (တနင်္လာနေ့) မှ ၁၀-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့)အထိ
ကျင်းပမည့်အချိန် – နံနက်(၈:၀၀)နာရီမှ နံနက်(၁၀:၀၀)နာရီထိ
ကျင်းပမည့်နေရာ – အမှတ်(၄၂/၅၀)၊ ပထပ်၊ ရွှေဘုံသာ(အောက်)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**သင်ကြားမည့်ဘာသာ**

(၁) ငွေကြေးခဝါချ အသိပညာပေးခြင်း နံနက် (၉:၀၀)နာရီမှ မွန်းလွဲ (၁၂:၃၀)နာရီထိ
(၂) ရွှေတူးဖော်ခြင်း
(၃) ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း
(၄) ရွှေပန်းထိမ်
(၅) ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်း
(၆) ရွှေအပေါင်ခံခြင်း
(၇) ရွှေဒင်္ဂါး/ငွေဒင်္ဂါး
(၈) ကျောက်မျက်ပညာ
(၉) ရွှေဆိုင်ဖွင့်လှစ်ခြင်း
(၁၀) အသုံးချရွှေသင်္ချာ တို့ဖြစ်ပါသည်။

၂-၁-၂၀၂၄ (အင်္ဂါနေ့)မှ ၁၀-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့)အထိ
သင်တန်းချိန် နံနက်(၈:၀၀)နာရီမှ နံနက်(၁၀း၀၀)နာရီထိ

**သင်တန်းဖြစ်မြောက်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၅/၇/၉၁(က)၊ စိန်ပန်းလမ်းနေ ဦးကျော်ရွှေ[၁၂/ရပသ(နိုင်)၀၂၃၃၀၆]၊ ဒေါ်စန်းစန်းအေး[၁၂/ရပသ(နိုင်)၀၂၀၇၉၇]တို့၏သမီး မနွယ်နီအေး [၇/သဝတ(နိုင်)၀၆၉၂၇၇]သည် မိခင်၊ ဖခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် မိမိသဘောဖြင့် လွန်ခဲ့သော(၂)နှစ်ခန့်မှ အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မနွယ်နီအေးနှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မနွယ်နီအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ရွှေ[၁၂/ရပသ(နိုင်)၀၂၃၃၀၆]**
**ဒေါ်စန်းစန်းအေး[၁၂/ရပသ(နိုင်)၀၂၀၇၉၇]**
**ရွှေပြည်သာမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်းဟုခေါ်တွင်သော ကွင်း/ကွက်အမှတ် (၂၇၊ ကျိုက်ဖောခိတောင်)၊ ဦးပိုင်အမှတ် (၉/က)၊ ဧရိယာ (၀.၃၁၇) ဧကအတွင်းမှ ဧရိယာ (၀.၁၇၅ )ဧကရှိ ဦးကျော်ဝင်း အမည်ပေါက် မှတ်ပုံတင်စာချုပ်ကြီးအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသော ဦးကျော်ဝင်း [၁၂/ကတတ(နိုင်)၀၀၀၅၅၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးရန်နိုင်အောင် [၁၂/ကတန(နိုင်)၁၀၇၈၄၅]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

**ဦးကျော်ဇေယျ (LL.B) (စဉ်–၁၃၁၈၁/၁၇)**
**ဒေါ်သန္တာဆွေ (LL.M) (စဉ်–၁၀၄၀၇/၁၅)**
**ဒေါ်နော်ဆည်းဇာ (LL.B) (စဉ်–၁၂၆၃၇/၁၇)**
**ဒေါ်မြင့်မြင့်သန်း (LL.M) (စဉ်–၁၃၂၄၀/၁၇)**
**ဒေါ်ဝေမာနွယ် (LL.B) (စဉ်–၁၄၇၁၁/၁၈)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း – ၀၉–၄၂၂၂၈၁၁၁၈၊ ၀၉–၄၃၁၈၈၉၈၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ ၃-ရပ်ကွက်၊ မင်းရဲကျော်စွာ (၁၄)လမ်း၊ မြေတိုင်းအမှတ်– သကမ(၄)၊ မြေကွက်အမှတ် (၅၇)၊ မြေဧရိယာ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မူရင်း ဦးတင်ဝင်း(မြေရှင်) အမည်ပေါက် အိမ်ခြံမြေကွက်ပေါ်ရှိ (၅)လွှာ (၁၀)ခန်းပါ လူနေတိုက်ခန်းများထဲမှ (၄)လွှာတွင်ရှိသော ခေါင်းရင်းခန်း အကျယ်အဝန်း(၁၈x၅၅)ပေ လူနေတိုက်ခန်း (၁)ခန်းအား လက်ရှိတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးပြည့်ဖြိုးထူး[၁၂/လသယ (နိုင်)၂၃၈၁၄၁]ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းထွန်း [၁၀/သတန(နိုင်)၀၁၅၂၆၇]မှ တရားဝင်ဝယ်ယူ ပိုင်ဆိုင်နိုင်ရန် လူနေတိုက်ခန်းတန်ဖိုး၏ တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလူနေတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းထွန်း၏ လွှဲအပ်ချက်အရ–**
**ဦးဝင်းမင်းဗိုလ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၈၅၉)**
**အမှတ်(၁၅၈/ခ)၊ ပေ–၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသ ကြီး။**
**ဖုန်း– ၀၉–၂၅၈၁၁၁၇၁၃၊ ၀၉–၆၈၉၆၈၈၈၈၀**

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ကျောက်ဆည်တက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျောက်ဆည်တက္ကသိုလ် ၂၀၂၂–၂၀၂၃ ပညာသင်နှစ် (နေ့သင်တန်း)၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပချိန် (၅–၁–၂၀၂၄)ရက်နေ့မှ (၇–၁–၂၀၂၄)ရက်နေ့အထိ ဓာတ်ပုံနှင့် ဗီဒီယို ရိုက်ကူးရေးလုပ်ငန်းဆောင်ရွက်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဓာတ်ပုံအိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၀–၁၂–၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရုံးချိန်အတွင်းဘဏ္ဍာရေးရာဌာနတွင် ရောင်းချမည်ဖြစ်ပြီး ၂–၁–၂၀၂၄) ရက် (အင်္ဂါနေ့) မွန်းလွဲ (၂:၀၀)နာရီ နောက်ဆုံးထား တင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ဖုန်းနံပါတ် ၀၉–၄၀၀၄၄၀၀၉၉၊ ၀၉–၄၄၂၀၇၅၉၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်းဆပ်ကော်မတီ**
**ကျောက်ဆည်တက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၁၃၂၊မြေကွက်အမှတ်–၁၉၀၊မြေကွက်တည်နေရာအမှတ်–၁၉၀၊အင်းဝလမ်း၊၁၃၂ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဦးညွန့်ရွှေ(၁၂/လကန(နိုင်)၀၈၁၂၅၂)အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်–ဦးညွန့်ရွှေထံမှအရပ်စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူထားသူဒေါ်သင်းသင်းဆွေ(၈/မကန(နိုင်)၀၈၁၉၃၅)မှပါမစ်မူရင်း၊အရပ်စာချုပ်များ၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြပြီးဂရန်သစ်လျှောက်ထားလာခြင်းအားမြေစာရင်းမှတ်ချက်တွင်၂၀၁၅ခုနှစ်ဒေါ်နန်းအေးချစ်မှကန့်ကွက်ချက်အားရှင်းလင်းရန်အကြောင်းကြားခဲ့ရာလျှောက်ထားသူမှဝင်စာအမှတ်–၁၀၈၃၁/၈–၁၁–၂၀၂၂ဖြင့်၄င်းကန့်ကွက်ချက်အားမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင်ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်းထောက်ခံချက်ပူးတွဲတင်ပြထားပြီးကန့်ကွက်သူကိုယ်တိုင်ရုပ်သိမ်းစာမတင်ပြနိုင်ခြင်းနှင့်ပတ်သက်၍လျှောက်ထားသူမှဝင်စာအမှတ်–၈၆၇၆/၃–၈–၂၀၂၃ဖြင့်ကန့်ကွက်သူအားစာချုပ်လိပ်စာအတိုင်းသွားရောက်ရှာဖွေသော်လည်းနေထိုင်ခြင်းမရှိတော့ဘဲပတ်ဝန်းကျင်မှလည်းပြောင်းရွှေ့သွားသည့်နေရာကိုမသိရှိပါသဖြင့်ဆက်သွယ်မရခဲ့ကြောင်း၊၂၀၁၅ခုနှစ်တွင်ကန့်ကွက်စာတင်ထားခဲ့ပြီး၊၂၀၂၁ခုနှစ်တွင်ကန့်ကွက်စာပြန်လည်ရုပ်သိမ်းပြီးကြောင်းမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှထုတ်ပေးထားသည့်ထောက်ခံစာဖြင့်သာဂရန်လျှောက်ထားခြင်းအားဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန်ကျမ်းကျိန်လွှာနှင့်အတူရှင်းလင်းတင်ပြထားပါသည်။သို့ဖြစ်ပါ၍ဒေါ်သင်းသင်းဆွေမှဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "လုပ်ငန်းအမှတ်တံဆိပ်အမည်နှင့် အမှတ်အသားအား အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အမှတ်(၆၆၂)နေ ဒေါ်တင်ဇာခင် [၁၂/ဥကမ(နိုင်) ၁၇၉၄၆၁] သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်နှင့် အမှတ်အသားကို ရန်ကုန်မြို့တော် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မိမိပိုင်ဆိုင်သော လုပ်ငန်းအမှတ်တံဆိပ်အဖြစ် မြွက်ဟကြေညာ၍ စာချုပ်အမှတ်(၉၉၉၆/၂၀၂၃)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်–

ROYAL GOLDEN PRINCESS
တော်ဝင်ရွှေမင်းသမီး
GOLD & JEWELLERY

အထက်ဖော်ပြပါ တော်ဝင်ရွှေမင်းသမီး အမှတ်တံဆိပ်ဖြင့် စိန်ရွှေရတနာနှင့် ကျောက်မျက်ရတနာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပြီး လက်ဆောင်ပစ္စည်းအမျိုးမျိုးတွင်သော်လည်းကောင်း (ဥပမာ–မှတ်စုစာအုပ်၊ ဘေးလွယ်အိတ်၊ လက်ဆွဲအိတ်၊ သောက်ရေခွက်၊ ဘောပင်၊ ကီးချိန်း) ကပ်နှိပ်ရိုက်မည့်အပြင် တော်ဝင်ရွှေမင်းသမီး ဆိုင်တွင် အသုံးပြုသော ဘောင်ချာစာအုပ်၊ တံဆိပ်တုံး၊ ပစ္စည်းထည့်ရန် စက္ကူသေတ္တာငယ်များ၊ စက္ကူဘူးများ အစရှိသည်တို့အပေါ်တွင် ရိုက်ကပ်နှိပ်၍လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာအမျိုးမျိုးတို့တွင် ကြော်ငြာတင်သွင်း၍လည်းကောင်း အဆိုပါလုပ်ငန်းအမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆိုအဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်နှင့် အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိပါဘဲ တုပခြင်း၊ ဆင်တူယိုးမှားသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် သွယ်ဝိုက်ကာ တုပပြုလုပ် သုံးစွဲခြင်းတို့ တွေ့ရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ဇာခင်၏လွှဲအပ်ချက်အရ**
**ဒေါ်နှင်းပွင့်လှိုင်**
**LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၄၄)**
**အမှတ်(၃၃၀)၊ ဥဒ္ဒေနာ(၆)လမ်း၊ (ဓ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၀၉၃၂၈၇**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အသိပေးကြေညာချက်

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သက်ကြီးဂီတပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ရန် စီစဉ်လျက်ရှိပါသဖြင့် ကုသိုလ်ဒါန ပါဝင်လှူဒါန်းလိုသော ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့ အောက်ပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**၀၉–၄၄၃၀၇၀၈၆၇**
**၀၉–၇၃၁၅၆၉၈၇**

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ အကွက်အမှတ် (၂၇/ခ+၂၉/က)၊ မြေကွက်အမှတ် (၅၉+၁၀/က)၊ တိုက်အမှတ် (၈/၉)အဖြစ် တည်ဆောက်ထားသော (၇)ထပ်တိုက် အဆောက်အဦရှိ မြေရှင်နှင့်ကန်ထရိုက်တာဖြစ်သူဘက်မှ လက်ရောက်ရရှိပိုင်ဆိုင်ခဲ့သော အခန်းများအနက် တိုက်အမှတ် (၈/၉)၊ တတိယထပ် (၃)လွှာဟု ခေါ်တွင်သောအခန်းအကျယ်အဝန်း ပေ(၂၂x၆၄)ရှိ တိုက်ခန်းအား ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရရှိပိုင်ဆိုင်လျက်ရှိသူ မြေရှင် ဒေါ်ငွေးငွေးမော် [၁၂/လမတ(နိုင်)၀၂၈၇၄၃]မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ယင်းအခန်းကို အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရယူရန်အတွက် ကျွန်မ ဒေါ်စုစုထွေး [၁၂/သဃက(နိုင်) ၁၆၄၁၇၉]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ဒေါ် ငွေးငွေးမော်သို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ပေးချေ ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကိုကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်စုစုထွေး**
**[၁၂/သဃက(နိုင်) ၁၆၄၁၇၉]**
**ဖုန်း– ၀၉–၄၂၁၀၂၃၀၃၀၊ ၀၉–၄၄၀၄၅၀၁၈၆**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ် ၄၅(A)၊ အခန်း(၄)နေ (ဘ) ဦးရန်ကီ၏ သမီး ဒေါ်ကျင် [၁၂/ပဘတ (နိုင်)၀၂၀၄၀၆]၏ နိုင်ငံကူးလက်မှတ်အရ မွေးသက္ကရာဇ် အမှန်မှာ (၄–၁၂–၁၉၃၈)ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဂျိုင်းကျေးရွာအုပ်စု၊ ရိုးမဟာကျေးရွာ၊ အထက(ဂျိုင်း)ကျောင်း၊ Grade–11 မှ နန်းချောရတနာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစောတာဖိုးကေ့ [၃/ဘအန(နိုင်)၁၁၄၂၉၀] ဖြစ်ပါကြောင်း။

